
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
# (၃)

ဦးဘဂျမ်း၊ ဒေါက်တာဆွေ၊ သာကဒိုး၊
ကြူမွေး၊ အောင်မြင်၊ ကြပ်ကလေး၊
အေးကြူ၊ မိုးဟိန်း၊



mgyoe.com



ဦးဘဂျမ်း၊ ဒေါက်တာဆွေ၊
သာကဒိုး၊ ကြူမွှေး၊ အောင်မြင်၊ ကြွပ်ကလေး၊
အေးကြူ မိုးဟိန်း တို့၏
အောက်မေ့ဖွယ်ဟာသဝတ္ထုများ

kls0058
2500.00 Ks

mgyoe.com

mgyoe.com

တုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၉၈ . ၈၄

အောက်မေ့ဖွယ်ဟာသဝတ္ထုများ-၃
သာကဒိုးနှင့်အခြား- -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) အောက်မေ့ဖွယ်ဟာသဝတ္ထုများ-၃

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ (၃)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ အခမဲ့ မြည်းမလားပော့ထောင်ကြီး | ထောင်ပြန်အစစ် သာကဒိုး | ၁ |
| ၂။ တုပ်ကွေးဖူးစာ | ကြူမွှေး | ၂၄ |
| ၃။ ကေသရီနှင့် ဒေဝ | အောင်မြင် | ၅၆ |
| ၄။ ပြေလည်မှ ငြိမ်းမယ်ထင့် | ကြပ်ကလေး | ၆၇ |
| ၅။ အောင်သွယ်တော်ကြီး | အေးကြူ | ၁၂၃ |
| ၆။ နား | မိုးဟိန်း | ၁၂၉ |
| ၇။ ကာက | ဦးဘဂျမ်း | ၁၄၅ |
| ၈။ စောရမောင် | ကြူမွှေး | ၁၆၄ |
| ၉။ တရုတ် ဟိမဝန္တာ | သော်တာဆွေ | ၁၉၅ |


❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



# အခမဲ့ မြည်းမလားဟေ့ ထောင်ကြီး

ထောင်ပြန်အစစ် သာကနိုး

ယခုအခါ မြန်မာလူမျိုး မောင်သာကဒိုးသည် တော်တော်ပဲ လူပါး၀တတ၊ ဖင်ခေါင်းကျယ်တယ်တယ် ဖြစ်နေသည်ဟု ကြားရလေ၏။ အဘယ်ကြောင့် ဆိုသော် ဟောဒီ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးမှာ သူက 'နောက်ဆုံးပေါ် ထောင်ထွက်' ဖြစ်သောကြောင့်ပေတည်းတဲ့။ အေး ...။

သူ ငါက စ ဒီတိုင်းပြည်က စတိုင်မျိုးစုံထွက်လာတဲ့ ထောင်ထွက်မျိုးစုံရှိသည့်အနက် သူက ထောင်ထွက်တွေထဲ လတ်ဆတ်သော နောက်ဆုံးပေါ် ထောင်ထွက်ဖြစ်ခြင်းကြောင့်တဲ့။ ဘ၀င်လေရိုက်ပြီး ဖင်ခေါင်းကျယ်

mgyoe.com

mgyoe.com
တယ်တယ်လေး ဖြစ်နေခြင်းပါတဲ့။ ကောင်းပေဗျို့။

ထိုမြန်မာလူမျိုး သာကဒိုးဆိုသော ငနဲသည် ဒီပြည်တွင် ခပ်ကျယ်ကတ်ကတ်စာများ ရေးသားလေ့ရှိရင်းကနေပြီး ကံကြမ္မာဇာတာရှင်ကာ အစိုးရအမအစဖြင့် အာမထိ လျှာမထိ ထောင်ကျသွားရပုံကို အလုံးစုံကိုတော့ ကိုကိုမမတို့ သိကြပြီး အတိုင်းပေပ။ ဟုတ်စ။ အစိုးရကို အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄ (က) ဖြင့် သာကဒိုးသည် ရေရေလည်လည် ထောင်ကျသွားခြင်းဖြစ်သည်။ ထောင်က ထွက်လာသောအခါ သာကဒိုးသည် ယောကျ်ားကောင်း အာဇာနည်ငနဲပီပီ မိန်းမများ အကြောင်း အားကြီးပဲ ရှုပ်ရှုပ်ချွံချွံ ရေးသားလေတော့၏။ မိန်းမတွေဟာ ဘာတွေလဲ။ တော်တော် ပါတိတ်ဝေဒနာ ပြင်းထန်ကြောင်း၊ တစ်ဖန် ဂျော်ဂျက်နာဆိုတာကလည်း ဒီ ငါ့တူမတွေမှာ ကုရာနတ္ထိ ဆေးမရှိကြောင်း၊ ဒီကောင်မလေးတွေဟာ တော်တော်ခက်ကြောင်း စသည်ဖြင့် ဒိုးသည် ထောင်က ထွက်လာပြီးကာမှ မိန်းမတွေအကြောင်းကို သတ္တိပြောင်ပြောင်နှင့် ဖြောင်ခနဲ ဖြောင်ခနဲနေအောင် ရေးသားလေ၏။ တယ်လည်း ဟုတ်ပါကလားဟု အောက်မေ့ရလေ၏။ မိန်းမတွေအကြောင်း အရေးများသောအခါ ငဒိုးမှာ အိမ်က ကြက်မ၊ လှယဉ်ကျေးမိတင်အေးနှင့် အိုးနင်းခွက်နင်း သပိတ်မှောက်ခြင်းတွေတောင် ဖြစ်ရသောဟူ၏တဲ့။ ဤတွင် ဒိုးက "ဟေ့ အသာနေစမ်းကွ၊ ငါ သတ္တိရှိတယ်ကွ။ သတ္တိရှိလို့ အာဇာနည် ရဲရဲတောက် ယောကျ်ားမို့၊ မိန်းမတွေအကြောင်း အဆီတရွှဲရွှဲနေအောင် ရေးရဲတာပေါ့ကွ။ နောင်လည်း ဆက်ကာ ဆက်ကာ နင်လား၊ ငါလားချည်း ရေးသားဦးမကွ။ ဘာဖြစ်ရဦးမှာလဲကွ မကြောက်ဘူးကွ။ ဟေ့ ... ဗမာပြည်မှာ မိန်းမတွေကို အကြည်ညိုပျက်စေမှု ပုဒ်မ မပေါ်သေးသမျှ ရေးရဦးမကွ မှတ်ဟ" ဟု အဲသလို ဆိုလေ၏တဲ့။ (အောင်မယ်မယ်နိပ်ကွယ် သူ့တွက်ကိန်းလည်း မဆိုးလေဟဲ့)။

အဲသလိုကို ထောင်ထွက်ငနဲမှာ သူ့မှာ ရေးစားစရာ လက်ကျန်တော်တော်ကျန်နေသေးခြင်းတစ်ကြောင်း၊ ပြီးတော့ ဗမာပြည်နောက်ဆုံးပေါ်ထောင်ထွက်ဖြစ်သည်လည်း တစ်ကြောင်းကြောင့် ဘဝင်လေခ လူပါးဝတတနိုင်ချင်နေရသည့် အထဲတွင် 'ထောင်ပညာ' ဆရာတင်၍ လာလာမေးကြသော လူများက ရှိနေ၍လည်း ကိုယ့်လူမှာ ပို၍ ဒီတိုင်းပြည်ဝယ် ကတ်ကျယ်ကျယ် နိုင်နေခြင်းလည်း ဖြစ်သည်ဆို၏။ ကောင်း၏။

mgyoe.com

mgyoe.com


တစ်နေ့ တစ်နေ့ အိမ်လာလာမေးသူ တသီကြီး၊ ထောင်ပညာ၊ ထောင် အကြောင်း၊ ထောင်အတွေ့၊ ထောင်ကိစ္စတွေ လင်းလင်းပြနေရသည်မှာ သင်း အရသာဟု ဆိုလေ၏။ ဆိုပါတော့။

ဒိုးက တကတဲမှ စေတနာ့ဝန်ထမ်း၊ ထောင်သင်တန်း ဖွင့်နေလေ တော့၏ တဲ့ ... ကဲ။

သာကဒိုးသည် သူ ထောင်ကျခြင်းကို သိဒ္ဓိတင် ဂုဏ်မြှင့်ကာ ဟောဒီ လို အပေါက်မျိုး၊ တယ်... လေကြွားလေ့ရှိလေသည်တဲ့။

ဒိုးက "ဟေ့ ... ဘာမှတ်လဲ ဟိုတစ်ခါတုန်းက ခေတ်မီသူတိုင်း ဖ– ဆ– ပ– လ ထဲ ဝင်ကြ၍ ခေတ်မီသူတိုင်းပင် မယားငယ်ယူသကွ...။ ဟော ခုတစ်ခါတော့ ခေတ်မီသူတိုင်းလည်း ထောင်ကျရတယ်ကွ... ဘာမှတ်လဲဟ၊ မှတ်ကွ" တဲ့။

အဲ... အဲသလို အစိုးရသာ မကြားလောက်ဘူးဆိုပါက ကြားကြား သမျှသော သူတော်မကောင်းမကောင်းတို့၊ ထောင်းခနဲ ရှင်းရှင်းလင်းလင်း လက်ထိပ်ကွင်းကို ထင်းခနဲ မြင်ယောင်မိလောက်သော စကားကို တိတ် တိတ်လေး ပြောကြားတတ်သတဲ့။

အမြဲ သူ့အိမ်တွင် စည်စည်ဝေနေသော ထောင်ပညာ လာမေးကြတဲ့ ငနဲသား၊ ထောင်သင်တန်းသားတို့အား ဒိုးက ...

"ဟေ့ ... ရဲဘော်တို့ ... ထောင်ပညာ၊ ထောင်ဗဟုသုတဆိုတာ ရှိထား ရတယ်ကွ။ လူရယ်လို့ ဖြစ်လာတဲ့အခါ တစ်သက်တစ်ခါ၊ ထောင်စား၊ ထောင် မကျပါဘူးလို့ ဤကမ္ဘာမှာ ဘယ်ကိုယ်တော်မြတ်ငနဲကမှ အာမခံနိုင်တာ မဟုတ်ဘူး။ သိကြားမင်းကရော၊ အိုင်ဆင်ဟောင်ဝါကရော၊ သမ္မတကြီးရော အာမ မခံနိုင်ပါဘူး ...."

"အား ... မှန်ပေသဗျို့"

သာကဒိုးထံ ပညာခံကြကုန်သော ထိုထောင်သင်တန်းသားတို့က ထောက်ခံကြလေ၏။

"အေး ... ဒါကြောင့် ထောင်ပညာ၊ ထောင်ပညာနဲ့ နာမည်သာဆိုး တယ်၊ ယောကျ်ားငနဲတိုင်း တတ်ထားအပ်တဲ့ အဌာရသ တစ်မျိုးဟနော်။ ကြိုးစား သင်ကြားကြကွဲ့ ... အရှုံးမရှိဘူးဟဲ့"

သာကဒိုးသည် ထောင်အကြောင်းမေးလာသမျှ ပြောရင်း လင်းရင်း

mgyoe.com

mgyoe.com


ကပင် အခမဲ့ကုသိုလ်ဖြစ် ထောင်သင်တန်းပမာ ရောက်နေရပြီး သူ့အိမ်မှာ ထောင်ပရိုက်ဗိတ် ကျူရှင် (ဝါ) ထောင်အလွတ်ပညာသင်ကျောင်းဖွင့်သလို ဖြစ်နေလေတော့သည်။ အေး ... ကောင်းသည်ပဲ။

အချို့မှာ ကိုယ်အရင်က စားထား၊ မျိုထား၊ ဆို့ထားသမျှ စိတ်မလုံကြသဖြင့် အကယ်၍ ဤခေတ်သမယ၌ မတော်တဆများ ... မတော်တဆခဲ့ပါလျှင် ကောင်ပညာမှာ ၇ တန်းစာလောက်တော့ ဖတ်ပြီးဖြစ်အောင် အသင့်လာ၍ ကြိုတင်ရယ်ဒီ ဆောင်ကြည့်ကြသည်လည်း ရှိသည် ဆို၏။

အချို့ ထောင်ပညာကို တစ်ကန့်စီ လာလာ သေသေချာချာ မေး၍ မူလတန်းကနေ တစ်တန်းပြီး တစ်တန်း မှန်မှန်ဆိုသလို ထောင်ပညာကို ယူသည်။ အချို့ကလည်း ကသောကမျော သုံးလေးရက် ဆက်တိုက်ကြီး လာမေးမေးနေပြီး ထောင်ပညာကို တကတဲ ဖြတ်လမ်းကနေ ထောင်တက္ကသိုလ်ဝင်တန်းအထိ တရကြမ်း ဖိဖိသင်သည်လည်း ရှိလေ၏။ ဒါတွေကတော့ တယ်ပြီး မရှင်းမရှင်း လက်ထိပ်ကွင်းနဲ့ ဆွေရင်းမျိုးရင်းများ ဖြစ်ဟန်ရှိပေ၏။

ဒိုးအဖို့မူကား ထောင်ပညာပေးဖို့ ဘယ်သူ့မှ ဝန်မလေး။ ဒိုးမှာ နာမည်ကျော် 'ဘားလမ်းအချုပ်' တွင်လည်း ရက်အတန်ကြာစံခဲ့ရ။ 'ထောင်အချုပ်တွင်'လည်း ခံဖူး၊ စံဖူး။ 'ထောင်ကျ'၏ ဘဝအရသာလည်း မျိုလာဆို့လာ 'ထောင်ကျထောင် အလုပ်ကြမ်း' စခန်းကိုလည်း လှမ်းခဲ့ရ၊ ကြမ်းခဲ့ရ။ ဒီတော့ကာ ဒိုးမှာ ထောင်ဘဝ၊ ထောင်လောကမှာဖြင့် ထောင်ပညာတွေထဲ ထောင်ဘီအေတန်းထိ မအောင်ဘူးဆိုရင်တောင် 'ထောင်ဆရာဖြစ်တန်း' လောက်တော့ဖြင့် တရကြမ်း အတန်းကျေခဲ့ပြီဟု ပြောနိုင် ကြွားနိုင် ဖြန်းနိုင်နေလေကပြီ ...။ အေး ...။

"ရဲဘော်တို့ ... မှတ်ဟဲ့ ... မှတ် လောက၌ မတည့်သော အရာကြီးများ တော်တော်များများရှိ၏။ ဖရဲသီးနဲ့ ဘဲဥ၊ နတင်နဲ့ ဆွေငြိမ်း၊ ပလိန်းကိတ်နဲ့ ငပြာရည်၊ ထောင်သားတွေနဲ့ နို့၊ ကြက်ဥ"

"ဗျာ ... ခင်ဗျာ"

မရှင်းသော ဆရာတပည့်တစ်ဦးက မေးလေ၏။

"ဟဲ့ ... ဒါ သိပ်အရေးကြီးတယ်ဟဲ့ .... မှတ်ဟဲ့ ... လောက်မှာ ထောင်သားနဲ့ ကြက်ဥနဲ့ နို့နဲ့ ဘယ်တော့မှ မတည့်ဘူး"

mgyoe.com

"ဩော် ...."

"တော်တော် အရေးကြီးတာဟဲ့နော် ... ထောင်သားဖြစ်ပြီးမှ ဒါ သတိ မပြုမိလို့ ကြက်ဥသောက်မိတဲ့ အမတ်မင်းကလေးတစ်ဦး ဒုက္ခ ....။ ကြက်ဥနဲ့ ထောင်သားတွေ့ခဲ့ဖူးတဲ့ ဒုက္ခ ... အမယ်လေးလေး ...."

"ကြက်ဥနဲ့ ထောင်သားနဲ့ နို့နဲ့ ဓာတ်မတည့်"

သာကဒိုး၏ ကုသိုလ်ဖြစ် ထောင်သင်တန်းတွင် ဒီအထိ စုံလင်သည်။

"ထောင်ဆိုတာ ပထွေးအိမ်နေရသလိုလို ... မိထွေးနဲ့ နေရတာမျိုး လိုလို ... ။ အေး တစ်ခါတစ်ခါတော့ ယောက္ခမအိမ်နေရတာမျိုး ဘဝနဲ့ တော်တော်ဆင်ချင်သဟ ...။ ယောက္ခမနဲ့ တူသော အာဏာပိုင်ရှေ့ ခပ်တည် တည်နေ။ နောက်မှ ခိုးလျှင် ခိုးစားတန်စား ဟုတ်လား ...။ အဲ ... ထောင် ကြပ်ဆိုတာများကတော့ကွာ ယောက်ဖနဲ့ အတော်ဆင်ချင်သဟ ...။ ပေါင်း လို့ရတဲ့အခါလည်း ရ၊ ဘုကျချင်ကျနဲ့ ယောက်ဖပဲ ..."

"ဟုတ်လား ...."

"ထောင်အဖို့ ဆက်ဆံရေးက ထောင်အာဏာပိုင်တွေ၊ ထောင်ကြပ် တွေနဲ့ဟာ အဓိကပဲ။ အစစ ထောင်သားအဖို့ရာ ဘဝအခြေအနေကိုက တွေး တာ ခေါ်တာတွေဟာ တစ်မျိုးဖြစ်လာတတ်တာ ကလား...။ မှတ်ကွ ... ထောင်သားအဖို့ရာမှာ လောကမှာ တွေ့လေသမျှ မိန်းမမှန်သမျှလည်း အကုန် သိပ်သိပ်လှနေတတ်သဟ ...။ မယုံမရှိနဲ့။ ဤဖေကိုယ် ကိုယ်တွေ့ဟ ..."

"အလိုလို ...."

"ဒါ အမှန် ကိုယ့်လူ ... ထောင်သားရဲ့ မျက်စိမှာ တွေ့သမျှ မိန်းမဟာ သိပ်သိပ်လှနေကုန်တတ်တယ်။ ထူးတယ် ဆန်းတယ်... မအောက်မေ့နဲ့ဟဲ့... မျက်ပြ၊ ရင်ကော့၊ ဖင်ကောက်လေးများတောင် ဒေဝစ္ဆရာ အရင်း ထင်သ ယောင်မိသဟယ် ... တကယ် ...."

"မြတ်စွာဘုရားရေ ..."

အပြင်လူအဖို့တော့ ကြားရ ကြားရ နားဝမှာ ဒါ... အူကြောင်ကြောင် ဖြစ်စရာပင်တည်း။ သို့သော် ထောင်သားအဖို့ ထိုစကားမှာ ရောမပို၊ ဘဲရိုး မပို၊ တကယ် မပို။ အားလုံး မိန်းမမှန်ရင် ပပဝတီပင် ထင်ချင်သည်။ (မယုံ ဘူးလား၊ မယုံရင် အစ်ကိုတို့ ထောင်ကျကြည့်တော့ သိတော့မပေါ့တဲ့) ကဲ...။

လာလာသမျှ ထောင်သင်တန်းသားတို့အား ဒိုးက ထောင်ကိစ္စ၊

mgyoe.com

mgyoe.com

ထောင်ဘဝများ လင်းလင်းပြရာ၌ သူ ထောင်က စုဆောင်းယူလာသော ထောင်ပညာအစုံပါသည့် ထောင်လင်္ကာကြီးတစ်ခုကိုလည်း ထုတ်ပြလေသည်။ ထို ထောင့်ဘဝ၊ ထောင်လင်္ကာမှာ ရှေးခေတ် ထောင်သားကြီးတစ်ဦးက ကိုယ်တွေ့ကြီး ရေးစပ်ခဲ့ခြင်း ဖြစ်သည်ဆို၏။

ထိုထောင်ဘဝ သရုပ်ဖော် ထောင်လင်္ကာကို ရှေးထောင်သားတစ်ဦးက ယင်းသို့ ရေးခဲ့သည်ကို မမြလေးဆိုသော အမျိုးသမီးတစ်ဦးက ထုတ်ဖော်၏။ မမြလေးက ထိုထောင်လင်္ကာကို တိုးတက်ရေး မဂ္ဂဇင်းတိုက်သို့ ပို့ပေးခဲ့ရာ ၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ နံပါတ် ၉ တွင် ထိုထောင်လင်္ကာ ပါရှိခဲ့လေသည်။ ပညာလိုက်စားသော ထောင်အမှုထမ်း ထောင်ကြပ်တစ်ဦးက ထိုလင်္ကာ တရိုတသေ မှတ်ယူလာခဲ့လေရာ၊ ဒိုးက သူ့ထံမှတစ်ဖန် ပညာခါးပိုက်နိုက်ခဲ့ရပြန်ခြင်း ဖြစ်သည် ဆို၏။ ထိုထောင်လင်္ကာကား ထောင်ဘဝ သရုပ်ဖော်ပုံ တိုတိုနှင့် စုံလှရကား ထောင်ပြန် ငဒိုး၏ ထောင်အလွတ်ပညာသင်ကျောင်းတွင် မရွတ်မနေ၊ မမှတ်မနေရ ထောင်တက္ကသိုလ်ဝင်တန်းအတွက် အထူးပြဋ္ဌာန်းထားသော ထောင်စာပင် ဖြစ်လေသတည်းတဲ့ ...။ အင်း ....။

ရှေးခေတ်ထောင်သားကြီး၏ လက်ရာ
အမေ့သား ကိုယ်တွေ့ထောင်

"ဩော် ... ကြုံရ ကြုံရ ... ဘုံဘဝ၊ နုံလှတဲ့ ကံရေ...၊
ယခုတစ်ဖန် ထောင်ဗူးဝသို့ ဆိုက်ပြန်ပြီ ...။ ဆိုက်လျှင် ဆိုက်ချင်း ကံဇာတာ ဖျေးမှိတ်လိုက်တာက၊ ကိုသန္တေ ၁၂ မှတ်တို့က စောင့်ကြပ်ကာ ကြိမ်တံဖျားနှင့်။ မိလ္လာ အိပ်သာသို့ သွားခိုင်း။ ငွေပိုက်ဆံ မပါမှဖြင့်၊ ပါးပြင်သွားစင်အောင် နှက်တဲ့ပြင် ...။ လက်နှစ်ဖက် မြေမှာထောက် ...။ ဖနောင့်ပေါက်ခံခဲ့ရ။ နောက်နောက်က ဝင့်ကြွေး၊ ပြေးလို့လည်း မလွတ်ပါ၊ ယိမ်းယိုင်ကာ အသာနေရ။ ဗာရာတွေ ခိုင်းစေရာ၊ ပေါက်ပြာနဲ့ မြေကိုတူး၊ ဖုတ်အလူးလူး ချွေးစီးလို့ယို၊ ကမ္ဘာမီးလောင်သည့်နှယ် ...၊ အမယ်လေး တျုပ်အရှိုက်၊ ပူလိုက်ချည့်လေး ...။
သည်တွင် တစ်တန်၊ ရေကန်မှာ ရေသောက်၊ နောက်လိုက်တဲ့ ထုံးရေ...။

mgyoe.com

ငုံလို့သာ ထွေးခဲ့ရ အလုပ်ရေး မဲဇလိက တကျိကျိ ကြိမ်ထိုးနိုင်း …။ မောပကိုက်လို့ လျှာထွက် …။ သက်ဇီဝိန်ပျက်လုပေါ့ …။ လုပ်ရပ်က ထိုးမပှန်၊ အုန်းဆံကို ထု … တစ်လီယပ်ဆွဲ၊ သံပန်းပဲနှင့်။ သိုးမွေးရိုက် ကော်ဇောရက် …။ အ အသက်ပျောက်အောင် လှော်ကို တိုက်…။ မရပ်မနား ရဟတ်ချားကဲ့သို့ …။ တတ်အားသမျှ ရေစက်ကိုလည်း တွန်းပါခဲ့ရ။ စွမ်းအားရယ် မသန် အလုပ်ပုံစံ မရပြင့် …၊ ချဟဲ့ တဲ့ ပါးနား …။ သည် နှစ်မြွာ မီးမှာ မြိုက်သလို အောင်မယ်လေး အမေ။ ကျုပ်အရှိက် ပူလိုက်ချေရဲ့ …။

အလုပ်ပုံစံ ဆိုင်သည့်အရေး၊ ပေးသည့် အပြစ်ဒဏ်။ ထောင်ပိုင်က ကလောင် ကို ကိုင်၊ ပိုင်ဆိုင်သည့် အရေး …။ ထောင် အပြင် တန်းမရှိဘူးရယ်လို့၊ ရှေးလူတို့ ထားပါတဲ့၊ စကားမှာ ရယ်စရာပ ….။

အမြောက်လုံးကို ချီ၊ တစ်လီ လက်ထိပ်။ ဂလန့် ခြေချင်း၊ ဒေါက်ခြေချင်း နှင့်၊ ဂုံအိတ် ဝတ်ဆင်၊ ကြိမ်ဒဏ်ပင် ခတ်ခြင်း၊ ရာဇဝတ်ပြစ်ဒဏ် လားလား မှ မကျန်ပါတော့ …။ ဒေါင်းရာဇာနေမင်း၊ ဇေါ်ရာသို့ ဆင်းပါရော။ အလုပ်ကလွှတ်၊ ထောင်ဘက်သို့ လာမှပြင့်၊ ဂျမဒါ ထိုကုလားက၊ မေးကို ကိုင်၊ အံကို ဖြဲ …။ တကတဲ ဘီလူးကြိုးဆွဲသလို၊ တလာစီလိုက်တာ က။ သန်းလင်မယားတောင် ချုပ်ရိုးကြားချောင်မှာ အသာနေရ။ ထမင်း စားလွှတ်ပြန်တော့၊ လက်တစ်ဖက်က ဖျပ်ကိုကိုင်၊ နှစ်ယောက်စီ အသာ တွဲပါလို့၊ သွားခဲ့ရ၊ စားရပြန်တော့ ဝက်တ။ ဘယ့်နှာချက်ကာ ကျွေးပါလိမ့်။ ထမင်း စိမ်းဆတ်ဆတ်၊ တာတပေါ် ရှက်စုံယ်နှောပါလို့ …။ ကျောက်ခဲ တစ်ဝက် သဲတစ်ပြက်နှင့်၊ သည့်ပြင်တာတန်၊ မိလ္လာသို့ တက်မှပြင့်၊ ချေးပါ ရာ သေးစက်ကျတယ်လို့ … ဘေးနှက်ဒါ ကျောကို ထောင်းတဲ့ပြင်၊ တုတ် ခနောင်း လွှဲသင်တငုတ်ကို …။ သဲနှင့်သာ သုတ်ခဲ့ရ။ ရှုပ်လိုက်တဲ့ ဇရဲပြည်။ ညနေ အိပ်တန်း တက်ရပြန်တော့ ဂုံအိပ်ကို ခင်း၊ ခေါင်းအုံးလည်း မပါ၊ မညှာတဲ့ ကြမ်းပိုး၊ တစစ်စစ် ထိုးသောကြောင့် …။ နိုးပြန်ပေါ့ မောင့်ကံရယ် …။ မိုးလင်းလို့ ဘုရားရှိခိုး အပြီးမှာ။ တိုက်ထဲက လူတွဲလို့ ထုတ်လာ၊ ဝတ်တာကကျားဖျင် …။ ကားစင်မှာ မတ်တတ်၊ ဒေါက်ဖြုတ်၍ သတ်သတဲ့။

ဆော်ကြေးစည် အဖေရိုက်ပါလို့။ မယားသည် သားသည်ကို ဝိုက်ငဲ့ပြင်။

mgyoe.com

မွေးမိခင်ရေ၊ ကျုပ်တို့ဖြစ်အင် မြင်လှည့်ပါဦးတော့လေး။

ထောင်အရသာကို ပူတစ်လီ၊ စပ်တစ်လှည့်၊ ခါးတစ်ဖုံဖြင့် အမျိုးမျိုး ခံစားခဲ့ရသော ထောင်ပြန် ထောင်သားကြီးသည် သူတတ်နိုင်သမျှ ကြိုးစား ပမ်းစားဖြင့် သရုပ်ဖော်စပ်ဆိုဟန်မှာ ထောင်သား၏ ဘဝအတွေ့ကို တိုတိုနှင့် ပင် အတော်ကြီး စုံလင်စေအောင် ဖော်ထားနိုင်စွမ်းပါပေသည်။ ကိုယ်တိုင် ခံစားရချက်ကို အရင်းပြုကာ လှိုက်လှိုက်လှဲလှဲ ရင်ထဲကနေ ဖော်ထုတ်အံပြ ခြင်း ဖြစ်၍လည်း သူ့စာတို့ကပင် ရသဓာတ်တစ်ဖုံ ထူးနေတော့သည်။

ထောင်ပြန် သာကဒိုး၏ စေတနာ့ဝန်ထမ်း ထောင်ပညာ၊ ထောင် တက္ကသိုလ်ဝင်တန်းတွင် ထိုစာကို ပြဋ္ဌာန်းစာအဖြစ် လင်းလင်းပြရာ၌ ယနေ့ ထောင်သည် ဟိုရှေးခေတ် ထောင်သားကြီး၏ စာအတိုင်း မထူးခြားသော အချက်များလည်း ရှိသည်။ ပြောင်းလဲနေသော အချက်များလည်း ရှိသည်ဟု ဆို၏။ ဘယ်သို့ဖြစ်စေ၊ ထိုထောင်သားကြီး၏ စာမှာ ထောင်သားချင်းသာ နားလည်သော ထောင်ဘာသာ ထောင်စကားများ၊ အပြည့်ပါနေသဖြင့် အချက်အလက်စုံလင်စွာကို စိတ်ဖြာ၍ ထောင်ဆရာ၊ ထောင်ပါမောက္ခ သာကဒိုးက ခပ်တည်တည် သင်ပြ မိန့်ခွန်းခြွေချေသည် ဆို၏။

ထောင်စာ၏ အဆိုနှင့် ထောင်ပါမောက္ခ ငနဲကြီး၏ လင်းချက်များ ကား ဆိုပါသော် ...

ထောင်စာ။ ဩော် ... ကြုံရ ကြုံရ၊ ဘုံဘဝ နံ့လှတဲ့ ကံရေ၊ ယခု တစ်ဖန် ထောင်ဗူးဝသို့ ဆိုက်ပြန်ပေါ့ ...။

ထောင်ပါမောက္ခ ဒိုးငနဲ ။ "ရဲဘော်တို့ ... အဟမ်း အဟမ်း ... ယခု ဒီစာတမ်းလေးမှာ "ထောင်ဗူးဝဆိုတဲ့အကြောင်း နည်းနည်းလေး သိဖို့ ကောင်းသဟ၊ ထောင်ဗူးဝဆိုတာ ထောင်ကျသမျှ သတ္တဝါဝေနေယျများ မုချ မလွဲမသွေ ဝင်ရထွက်ရ ဖြတ်သန်းရတဲ့ အပေါက်ကပဲ။ အဲဒီ ထောင်ဗူးဝ မှာ စစ်ဆေးခြင်း အထပ်ထပ်နဲ့ ကြီးမားတဲ့ တံခါးကြီး သုံးထပ် ရှိတယ်...။ ထို တံခါးကြီး သုံးထပ် အသီးသီးမှာ တစ်ဖန် ထူးခြားတာက လူတစ်ယောက် ခေါင်းငုံ့၍ ဝင်သာရုံ တံခါးအသေးလေးတွေ တစ်ခုစီ ရှိတယ်။ ထောင်ကို လာသမျှ လူဟာ ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဘုန်းကြီးဖြစ်စေ၊ ခေါင်း လေးငုံ့ပြီး ခါးလေး ကုန်းကုန်း ဝင်မှ ဝင်လို့ ရသတဲ့ ...။

mgyoe.com

mgyoe.com

"အဲသလို အပေါက်ကလေးများကနေ ကုန်းဝင်ခြင်း၊ ကုန်းထွက်ခြင်း အမျိုးမျိုး ကုန်းတာတွေ မပြုဘဲ ခါးစန့်၍ စတိုင်နဲ့ တံခါးအကြီးကြီး ဖွင့်နိုင်းပြီး ဝင်ခွင့်ရှိတဲ့လူများက သီးခြားရှိသကွဲ့။ သူတို့ကတော့ မခေဘူးဟော့... တံခါးကြီး ဖွင့်တွေ ... လို့ ပြောရသဟဲ့ ...၊ နာမည်ကတော့ "တံခါးကြီး ဖွင့်"တွေ လို့ ထောင်ဘာသာနဲ့ ပြောဆိုတာပ။ အဲဒီ 'တံခါးကြီးဖွင့်' တွေများ ကား ဆိုလျှင် ... ထောင်ပိုင်၊ ဒု ထောင်ပိုင်၊ ထောင်ဆရာဝန်၊ ထောင်မှူးကြီး၊ ထောင်လက်သမားဆရာကြီးနဲ့ ထောင်အလုပ် မန်နေဂျာကြီး၊ ထောင် တရားဟော ဘုန်းကြီး အဲ ... အဲဒါ ထောင်ရဲ့ 'တံခါးကြီးဖွင့်' တွေပ။ ထောင်မှူးကြီးကလွဲရင် ကျန် ထောင်မှူးတွေက တံခါးကြီး ဖွင့်မဝင်နိုင်ဘဲ သူတို့လည်း ကုန်းဝင် ကုန်းထွက်တွေပါဘဲ ..."

ထောင်သင်တန်းသားတစ်ဦးက မေး။ "နို့ လက်သမားဆရာနဲ့ မန်နေဂျာကတော့ကော ဘာလို့ ..."

ဒိုး ။ "အေး ဟုတ်ပေသဟဲ့ ...။ ထောင်လက်သမားဆရာနဲ့ ထောင်အလုပ် မန်နေဂျာဖြစ်သူက ထောင်ကဲဟဲ့။ ထို ထောင်ကဲကြီးက ထောင်မှာလုပ်သက်ကြာခဲ့လို့တဲ့ မကြာခင်က ရာထူးတက်ခဲ့သဟဲ့။ အေး... အဲဒါ ထို ထောင်အလုပ်ဆရာ ထောင်ကဲကြီးလည်း တံခါးကြီးဖွင့်၊ ဝင်ခွင့်ရှိသွားပြီး 'တံခါးကြီးဖွင့်' ဖြစ်သွားရခြင်းပဲတဲ့"

သူ ။ "ဩ ... ဩ ... မဆိုးဘူးဟဲ့"

ဒိုး ။ "နောက်ပြီး ရဲဘော်တို့ရေ၊ သိသင့်တဲ့ အချက်တစ်ရပ်က ဒီထောင်ဗူးဝမှာရှိတဲ့ တံခါးကြီးသုံးခုဟာ ဘယ်တော့မှ တစ်ပြိုင်နက် သုံးခုလုံး မဖွင့်ရဘူး။ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်ဆိုတဲ့ ထို တံခါးကြီးသုံးထပ်ကို တစ်ထပ်စီသာ ဖွင့်ရမယ်။ ပထမထပ်ဖွင့်ရင် ဒုတိယထပ် သော့ခတ်။ ဒုတိယထပ်ဖွင့်ချင်ရင် ပထမထပ်ကို အရင်သော့ခတ်။ အဲသလို တစ်ထပ် အသေသော့ခတ်ပြီးမှ တစ်ထပ်ဖွင့်ရပြီး ဘယ်တော့မှ တံခါး သုံးထပ်ကို တစ်ပြိုင်နက် မဖွင့်ရတဲ့။

"နောက်ပြီး တစ်ချက်က အပြင်က ဘယ်သူပဲဖြစ်စေ၊ ဘာလက်နက်ကိုမှ ဒီထောင်တံခါးကြီးများထဲက ကျော်၍ အထဲမယူရ။ ဒီတံခါးများမှာပဲ ထားရမည်။ အမိန့်က ဘုရင်ခံဖြစ်စေ၊ ဝန်ကြီးချုပ်ဖြစ်စေ၊ ဗိုလ်ချုပ်ကြီးပဲဖြစ်စေ၊ ဗိုလ်ချုပ်ကြီး သူငယ်ချင်းပဲဖြစ်စေ၊ ထောင်ဗူးကျော်၍ လက်နက်မယူ

mgyoe.com

mgyoe.com


ရ”

“အလဲလဲ ... ဟဲ့ ...”

ထောင်စာ ။ “ဆိုက်လျှင် ဆိုက်ချင်း ကံဇာတာ မေးမိုန်လိုက်တာက ကို သန္တေ ၁၂ မှတ်တို့က စောင့်ကြပ်ကာ ကြိမ်တံဖျာနဲ့ မိလ္လာအိမ်သာသို့ အသွားခိုင်း၊ ငွေပိုက်ဆံ မပါမှဖြင့် ပါးပြင် သွားစင်အောင် နက်တဲ့ပြင်၊ လက်နှစ်ဖက် မြေမှာထောက်၊ ဖနောင့်ပေါက်ခံရ၊ နောက်နောက် ဝဋ်ကြွေး၊ ပြေးလို့လည်း မလွတ်ပါ၊ ယိမ်းယိုင်ကာ အသာနေရ”

ဒိုးငနဲ ။ “အိမ်း ... အဲဒါကတော့ဟဲ့ ... ရှေးခေတ် ထောင့်ဘဝ ပေါ့ဟယ်။ ခုခေတ်တော့ ဒီအပေါက်တွေ မကြားမိပါဘူး”

“ထောင်ကျလာသူ ထောင်ရောက်လာပြီး တံခါးပေါက်က ခေါင်းငုံ့ကုန်းပြီး ဝင်လိုက်တာနဲ့ ကိုသန္တေနဲ့ ၁၂ မှတ်တွေက ဘာမပြော ညာမပြော ထောင်အရသာ ပဏာမအဖြစ် နားရင်းပါးရင်း သုံးလေးချက်စီလောက် အခမဲ့ တီးပြီး မြည်းခိုင်းလိုက်တတ်တယ် ...”

“အေး ... အဲဒါ ဘာမှန်းလဲ မသိဘူး။ ထောင်နိဒါန်းအဖြစ် အခမဲ့ ပဏာမတီးတဲ့ လက်သီးတွေတဲ့ ”

သူတို့က ။ “အလိုလေးဗျာ ....”

ဒိုး ။ “အဲ ... ပြီးတော့ ဒီလို ပဏာမ တီးလုံး နားရင်းတီးပြီးတော့ ‘ပုံစံထိုင်’ ထိုင်ခိုင်းတယ်။ လူသစ်လေးမို့ ပုံစံအတိုင်း မထိုင်တတ်ပြန်ရင် ပုံစံပြအဖြစ် ဒုတိယ ဗုန်းဗုန်းဒိုင်းဒိုင်း တီးလုံးလေးတွေ လာတတ်ပြန်တယ်”

“မျက်လုံး မျက်ခုံးထဲက တကတဲ ကြယ်တွေ၊ လတွေ ခုန်ခုန်ထွက်သွားလိုက်တာ မနည်းပဲတဲ့”

ရဲဘော်များ။ “အောင်မယ်လေးဗျာ ...”

ဒိုး ။ “ထို့နောက် ထောင်ကျ လူသစ်များ သီးခြားထိုင်တန်းစီပြီး စစ်ဆေး ရေတွက်တယ်။ ရေတွက်ပုံ တွက်နည်းကလည်း ဒီဘဒ္ဒကမ္ဘာမှာ မှတ်လောက် သားလောက်ဟဲ့ ...။ တစ် နှစ် သုံး လေး ဆိုပြီး ဒီ ထိုင်နေတဲ့လူသစ်တွေရဲ့ ပခုံးတွေပေါ်ကို တက် လမ်းလျှောက်ပြီး လေးမြတ်စွာ ရေတွက်တာကိုးဟဲ့ ...”

“ဒီလို ပခုံးပေါ် လမ်းလျှောက် ဆောင့်နင်းနင်းပြီး လူရေတွက်တဲ့အခါ

mgyoe.com

mgyoe.com
ပခုံး မခံနိုင်လို့ နိမ့်သွားပြန်ရင်လည်း 'နိမ့်ဦးဟဲ့' လို့ ပါးနှစ်ချက်လောက် ဖြန်းခနဲ မေတ္တာစေတနာ ပွားလိုက်ပြန်ပါရော ..."

သူတို့က ။ "အရော် ရော် ..."

ဒိုး ။ "ဟဲ့ ... နေဦးဟဲ့။ ဒီထက် သာယာတဲ့ အခန်းရှိသေးတယ်။ တစ်ဖန် ဒီလူသစ်တွေကို တစ်ကိုယ်လုံး မှတ်လောက် သားလောက် ဖြဲရဲ့ရှာ။ ပြီးတော့မှ ဒီလူတွေ ဗိုက်ထဲ ပိုက်ဆံမျိုယူလာ မလာ သိရအောင်တဲ့။ အားလုံး တန်းစီ၊ အားလုံး ကြိမ်လုံးတွေ၊ နံပါတ်တုတ်တွေ မိုးမိုးပြီး ... အားလုံး အီအီး အတင်းညှစ်ပါခိုင်းတော့တာကိုး ...။ ဒီနေရာမတော့ အီအီးကို များများညှစ်ပါပေးနိုင်တဲ့လူက နည်းနည်း မျက်နှာသာ ရသွားသတဲ့"

သူတို့ ။ "အလဲ လဲ့ ..."

ဒိုး ။ "သို့သော် တဲ့ ...။ ထိုထို အီအီးများ အသီးသီးကို ထို ၁၂ မှတ်တွေ ထောင်ကျကြီးတွေ ဘာတွေက တစ်တုံးစီ၊ တစ်ဖဲ့စီ၊ အလွန် ကျွမ်းကျင်စွာ ဖြဲရဲ့ရှာပြီးသောအခါတဲ့ ...၊ ထင်သလို၊ လိုချင်သလို ပိုက်ဆံ မတွေ့ပါကတဲ့၊ အေး ... ဘုရားကို လက်လှမ်းမီသလိုသာ ကြည့်သာတပေတော့တဲ့။ ကျကျနနတီးပြီ။ အုပ်ပြီ။ တကတဲ တီးတာတောင် လှလှလေး၊ လေးဖက်ထောက်ခိုင်းပြီးမှများ ဖနောင့်နဲ့ ခပ်တွက်တွက်ပေါက် ချီးမြှင့်တတ်သေးတဲ့။

"အမယ်လေး"

ထောင်စာ ။ "ဗာရာတွေ ခိုင်းစေရာ၊ ပေါက်ပြားနဲ့ မြေကို တူး၊ ဖုတ် အလူးလူး ချွေးစီးလို့ယိုု၊ ကမ္ဘာမီးလောင်သည့်နှယ်၊ အောင်မယ်လေး ကျုပ် အရှိုက် ပူလိုက်ချည်လေး။

သည်တွင် တစ်တန်၊ ရေကန်မှာ ရေသောက်၊ နောက်လိုက်တဲ့ ထုံးရေ၊ ငံလို့သာ ထွေးခဲ့ရ အလုပ်ရေး၊ မဲဇလီက တဂျိဂျိ ကြိမ်ထိုးခိုင်း၊ မောဟိုက်လို့ လျှာထွက်၊ သက်ဇီဝိန်ပျက်လုပေါ့။

လုပ်ရပ်က ထုံးမမှန်၊ အုန်းဆံကို ထု၊ တစ်လီယပ်ဆွဲ၊ သံပန်းပဲနှင့် သိုးမွေးရိုက် ကောဇောရက်။ အသက်ပျောက်အောင် လွှတိုက်၊ မရပ်မနား ရဟတ်ချား ကဲ့သို့ ...။ တတ်အားသမျှ ရေစက်လည်း တွန်းပါရ ... စွမ်းအားရယ် မသန်။ အလုပ်ပုံစံမရမှဖြင့်၊ ချတယ်တဲ့ ပါးနား၊ သည်းနှစ်မြွှာ မီးမှာ မြိုက်သလို။ အောင်မလေး အမေ... ကျုပ်အရှိုက် ပူလိုက်ချေလေး။
mgyoe.com

mgyoe.com

ဒိုးနဲ့ဆို ။ "ရဲဘော်တို့ ထောင်ကျလာသည်နှင့် တစ်ပြိုင်နက်၊ လုပ်ရသမျှ ခိုင်းသမျှတွေကို အဲဒါ တတ်နိုင်သမျှ သရုပ်ဖော်တာပဲတဲ့။ ထောင်မှာ သူ့အဆောင်အလိုက် လုံချည်အရောင်တွေ ခွဲပေးထားပြီး အနီ၊ အစိမ်း၊ ပန်းရောင် စသည်ဖြင့် သီးခြားစီဝတ်ရတယ်။ ဘာအလုပ်လုပ်ရမလဲ လို့ အလုပ် မပေးမချင်းတော့ လူသစ်အဖြစ် ဘိုးသူတော်စတိုင် အဖြူဝတ် ရတယ်။ အဲ ... အဲဒီ အဖြူဝတ်ဘဝင်နဲ့ကတော့ကွာ အဆောင်တကာရဲ့ ဘုံကျွန်ပါပဲ ...။

တစ်ဦးက "အိုး ...."

ဒိုး ။ "ထောင်မှာ ထမင်းကျန်၊ ဟင်းကျန် အညစ်အပတ်တွေ ကျုံးရ၊ ကြုံရင် ကြုံသလိုလည်း မိလ္လာကျုံးရ၊ အရေးပေါ်ပေါက်သလို မြက် ပေါက်စရာရှိလည်း သူတို့ပဲ ပေါက်ရ၊ လူသစ်လုံချည်ဖြူတွေကို လူသစ် ဘုတ်ကိုင် ထောင်ကျကြီးတွေက လျှောက်ပြီး ရေရေလည်လည် ခိုင်းတော့ တာပဲ။ အေး ... အဲဒါ လူသစ်လုံချည်ဖြူအဖြစ်မှာ ကိုယ်က အထက်တန်းကျ သော အိအိးကျုံးခြင်း မလုပ်ချင်ဘူးဆိုရင်တော့ ဗိုလ်ချုပ်အောင်ဆန်းကိုပဲ အားကိုးပေတော့"

တစ်ဦးက ။ "အလို ဘာဆိုင်လို့လဲဗျ။ ဘာဆိုင်လဲ ဗိုလ်ချုပ်"

ဒိုး ။ "ဟဲ့ လူသစ်ဘုတ်ကိုင်ငနဲကို သုံးလေးကျပ် လာဘ် ကြည့်ထိုးလိုက်လို့ပဲဟဲ့။ ကဲ ... ကဲ ... နင်ကလဲ"

"ဩ ... ဩ"

ဒိုး ။ "ဒီလို လုံချည်အဖြူဘဝကနေ အလုပ်တစ်ခုခု ချလိုက် ရင် လုံချည်အရောင်နဲ့ ဖြစ်လာရော။ ဒီတော့ စာဖွဲ့ထားတဲ့အတိုင်း အစုံပေါ့ လေ။ ခိုင်းသမျှ ကြိတ်လိုက် နှိပ်လိုက်ပေါ့။ ပဲ ကြိတ်တာ၊ သစ် ထမ်းတာ၊ ရွှေပေါ်ထိုးတာ၊ စားပွဲ ကုလားထိုင် ကော်ဖတ်စားတာ၊ ဥယျာဉ်မြောင်းတူး တာ၊ ဟုတ်စ၊ ငေါက်လိုက်တာလည်း မပြောနဲ့။ ဟိုလူက ငေါက်၊ ဒီလူက ငေါက်နဲ့ ဘာတွေမှန်းလည်း မသိဘူး။ ထောင်ဆိုတာ တယ်ငေါက်ကိုး ... ထောင်သားတွေဟာ ဘယ်ဘဝတည်းက အငေါက်ဝါသနာ ပါလာမှန်း မသိ ပါဘူး။ သူတို့ ငေါက်ပါများလွန်းမှပဲ ... အင်း ... ငါ လက်စသတ်တော့ ဟဲ့ ။ ချိုမပေါက်တဲ့ နွားသာသာ ဘဝဖြစ်ရတာ ရိပ်မိရတာကိုး ... အေး"

"ဟုတ်လားဗျ ... နို့ ခင်ဗျားကြီးကော ထောင်ထဲ ဘာတွေ လုပ်ခဲ့

mgyoe.com

mgyoe.com

ရသေးလဲ" တစ်ယောက်က မေး၏။

ဒိုး ။ "ဟ ... ရဲဘော်၊ စားပွဲ ကုလားထိုင်တွေ ကော်ဖတ်စား ရတယ် ရဲဘော်။ ဒီလိုပဲ ကြိတ်မှတ်ပြီး ငရုတ်သီးမျိုသလို တရှီးရှီးနဲ့ တီးခဲ့ ရပါသဟဲ့။ ကော်ဖတ်စားရတာမှ စားပွဲကုလားထိုင်အသစ်တွေ ကော်ပတ် စားရတဲ့အခါ တော်ပါသေးတယ်။ ဟိုရုံး၊ ဒီရုံးတွေက ထိုင်ပြီးသား ကုလား ထိုင် အဟောင်းအစုတ်တွေ ဒီစားပွဲတွေ ပြင်ဖို့၊ အရောင်တင်ဖို့ ကော်ဖတ်စား ရတာများ တကတဲဟဲ့။ တစ်ဆယ့်နှစ်ဘဝ စာလောက်တောင် အသည်း နာနာစရာကောင်းပါ့ဟာ ... တကယ်။

"တချို့ ကုလားထိုင်ဟောင်းတွေ များဟယ်။ စာရေးကြီး စာရေးမများ ဘယ်မျှထိ ကျနရှိသေစွာ ထိုင်ခဲ့လည်း မသိပေါင်ဟယ်၊ ဟောင်စပ်စပ်က လေးဟ"

"အမယ်ဗျ ... ဟုတ်စဗျ"

ဒိုး ။ "ဩော် ... ထောင်အရသာ အရသာ ...။ ငန်ညီညီလေး ဟနော် ... အေး"

"သူ့စာထဲမှာ ရေကန်မှာ ရေသောက်၊ နောက်လိုက်တဲ့ ထုံးရေ ဆိုတာက ဒီလိုလေ... ရှေးတုန်းက ထောင်သားများ ကျန်းမာရေး ညီညွတ် အောင်တဲ့ ပိုးသေအောင်တဲ့ ထောင်သားများ သောက်ရချိုးရတဲ့ အဆောင် ရေကန်လေးတွေမှာ ထုံးဖြူးလေ့ ရှိသတဲ့။ ဒီရေကန်လေးတွေ ပုံစံက အပြင် မှာ မြင်းသောက်တဲ့ ရေကန်မျိုးလေးတွေဟဲ့ ... အဲဒီလို ထောင်သားများရဲ့ သုံးသောက်ရာ ရေကန်လေးတွေ ပိုးသေအောင် ထုံးဖြူးတာကလည်း ဘယ်မျှ အထူးဂရုပြု ဖြူးတတ်သလဲဆိုရင် တစ်ခါ တစ်ခါ ရေတစ်ပုံးကို ထုံးတစ်ပုံး လောက် ဆတူနီးပါး ကြိုးစားဖြူးသကိုး ..."

ထောင်စာ။ အလုပ်ပုံစံ ဆိုင်သည့်အရေး၊ ပေးသည့် ပြစ်ဒဏ်၊ ထောင်ပိုင်က ကလောင်ကို ကိုင်၊ ပိုင်ဆိုင်သည့် အရေး၊ ထောင်အပြင် တန်းမရှိဘူးရယ်လို့၊ ရှေးလူတို့ ထားပါတဲ့ စကားမှာ ရယ်စရာပ။

အမြောက်လုံးကို ချီ၊ တလီလက်ထိပ်၊ ဂလန့်ခြေချင်း၊ ဒေါက် ခြေ ချင်းနှင့် ဂုံအိတ်ဝတ်ဆင် ကြိမ်ဒဏ်ပင်ခတ်ခြင်း၊ ရာဇဝတ်ပြစ်ဒဏ်၊ လားလားမှ မကျန်ပါတော့။

ဒိုးလင်းချက်။ "အေး ... အဲဒါကတော့ဟာ၊ မှတ်စရာ အခန်းတစ်မျိုး

mgyoe.com

mgyoe.com
ဟာ"

"ထောင်မှာ တစ်စုံတစ်ခု အပြစ်ရှိသည် ဆိုလျှင် ဖြစ်စေ၊ ခိုင်းစေသည့် အလုပ်အကိုင်ကို ပုံစံမိအောင် မလုပ်နိုင်လျှင် ဖြစ်စေ၊ ထောင်ရုံးမှာတင် စစ်ဆေး မေးပြီး ပိသလေးပမာ ကြီးလေးတဲ့ အပြစ်ဒဏ် အတုံးအတစ်တွေ ပေးတော့တာကိုး"

"တစ်ခါတစ်ခါတော့လည်း ထောင်ကြပ်၊ ထောင်ဝါဒါကို ထောင်သားက ခံတီးမှု၊ နားရင်းပြန်အုပ်မှု၊ ထောင်ဝါဒါဇက် ဆွဲနှိမ်ပြီး ငယ်ထိပ်ကို သေသေချာချာ ဖနောင့်နဲ့ ထောင်သားက ပေါက်မှု"

"ထောင်ထဲမှာ ဘယ်လို 'ဒဏ်' ပေးသတတ်သလဲတဲ့။ ထောင်ထဲမှာ 'တိုက်ပိတ်တယ်' ဆိုတဲ့ ပြစ်ဒဏ်တစ်ခု ရှိတယ်။ တိုက်ဆိုတာ အလင်းရောင်ရော လေရော နည်းပြီး အလုံနီးပါးဖြစ်အောင် အထူးတစ်မျိုး စပယ်ရှယ်လုပ်ထားတဲ့ အချုပ်ခန်းကလေးတွေပဲ။ ဒါမျိုးလေးတွေ အခန်း ၂၀ မျှကို သီးခြားအကာအရံနဲ့ လုပ်ထားတယ်။ အဲဒါက ထောင်ထဲမှာ ထောင်ထပ်ချတဲ့ နေရာပဟယ်။ ဒါကြောင့် ကိုယ်တွေ့ထောင်သားကြီးက သူ့စာမှာ ထောင်အပြင် တန်းမရှိဘူးရယ်လို့ ရှေးလူတွေ ပြောတာ ရယ်စရာကြီးပါကလားလို့ ဆိုထားတာပ။ အဲဒီ အထူး အချုပ်အလုံခန်းထဲ ထည့်ချုပ်တဲ့ ပြစ်ဒဏ်ကို 'တိုက်ပိတ်တယ်' လို့ ခေါ်သတဲ့။ အရသာမြက်တာကတော့ တိုက်ပိတ်ခံရတာ သံသေတ္တာထဲ ထည့်ထားခံရသလိုလေးပဲတဲ့"

"ဟာင် ..."

ဒိုး ။ သိမှတ်စရာ ကောင်းလှတာက ရန်ကုန်ထောင်ထဲမှာ ဒီလို တိုက်ပိတ်တဲ့ အထူးထောင်ကို 'မိုးကြိုးတိုက်' လို့ ခေါ်သတဲ့။ ဘာကြောင့် ဒီလို မိုးကြိုးတိုက်လို့ နာမည်ထင်ပေါ် ခေါ်နေကြသလဲဆိုရင်တဲ့ မှတ်ဟဲ့... ရှေးတုန်းက ဒီတိုက်ကို တိုက်ပိတ်ဖို့ ရောက်လာသူတိုင်းကိုတဲ့ တိုက်ဝမှာ စပယ်ရှယ်ရိုက်ဖို့ ထားတဲ့လူများက ဝိုင်း၍ သူတစ်လက် ကိုယ်တစ်ချက် နှက်ကြ၊ အုပ်ကြ နားရင်းပိတ်ကြတာဟာ ဘယ်မျှ ဖောဖောသီသီ လေးနက်စွာ အရိုက်အနှက် အတီးကောင်းကြသလဲဆိုရင်တဲ့ ဒီတိုက်ကို ရောက်လာသူတိုင်းဟာ မိုးကြိုးပစ်တာတောင် လုံးဝ မကြားရအောင် ပြတ်သားစွာ နားပင်းပင်းသွားတတ်ကြသတဲ့ ဟ ..."

"အမယ်လေး ... အမယ်လေးဗျာ"

mgyoe.com

mgyoe.com
ဒိုး ။ "အေး ... အဲဒါနဲ့ ဒီတိုက်ကို 'မိုးကြိုးတိုက်' ရယ်လို့ နာမည်ထင်ပေါ် ကျော်နေခြင်းပါပဲတဲ့"

"အဲဒီ တိုက်ပိတ်ရာမှာလည်း အတန်းကလည်း ၃ တန်းမျှ ရှိသေးသတဲ့။ တတိယတန်းက ရိုးရိုး တိုက်ပိတ်ခြင်း၊ ဒုတိယတန်းက တိုက်ပိတ်ခြင်းအပြင် 'ကော်ကျွေး'ခြင်း၊ ပထမတန်းကတော့ တိုက်ပိတ်ခြင်း။ ကော်ကျွေးခြင်းတွေအပြင် ခြေချင်းပါ ခတ်ထားခြင်း။ တစ်ခါ တစ်ခါလည်း အပိုဆု အဖြစ် လက်ထိပ်ပါ ခတ်ခတ်ပေးတတ်ခြင်း"

တစ်ဦးက ဝင်၍ "စုံသဗျို့ ..."

ဒိုး ။ "ကော်ကျွေးခြင်း ဆိုတာ ဘာမှတ်သလဲ။ ကိုယ့်လူတို့ ထမင်းကို မကျွေးဘဲ အဟုတ် ဆေးလိပ်ခုံက ကော်မျိုးတွေ ကျွေးတာဟဲ့။ ပါးစပ်ထဲ ထည့်ရင် တောင်ကပ် မြောက်ကပ်နဲ့ စားလို့ကို မရတဲ့ ဥစ္စာ။ အမိပ္ပာယ်ကတော့ဟယ် ကော်ကျွေးပြစ်ဒဏ်ဆိုတာ 'ဟဲ့ ... လူအစစ်ကနေ ကြွက်ဖြစ်စေ ...'လို့ အမိန့်ချတာပဟယ် ...."

"ဟော့ ... ကယ်တော်မူပါ"

ဒိုးက ။ "အဲဒီ ကော်ကလည်း ပြစ်ဒဏ်အရ ထောင်အာဏာပိုင်သဘောအရ '၂ ရက် ကော်စား' သို့မဟုတ် 'ငါးရက် ကော်စား' စသည်ဖြင့် အမိန့်ပေးတတ်တာကလား။ အေး ... အဲဒါကတော့ ထောင်ထဲမှာ လူအစစ်က ကြွက်ဖြစ်နိုင်တဲ့ ပြစ်ဒဏ်ပေါ့ ..."

"ရှေးရှေး ယဉ်ကျေးသော အင်္ဂလိပ်မင်းများ လက်ထက်ကတည်းက ပညာကြီးစွာ တီထွင်လာတဲ့ ပြစ်ဒဏ်ပါ ..."

"အေး ... ပြီးတော့ သူ့စာထဲက 'အမြောက်လုံးကို ချီ' ဆိုတာကလည်း ပြစ်ဒဏ်တစ်မျိုးလဟ။ သံလုံးကြီးတွေကို အပုံကြီး ပုံထားပြီး၊ သံလုံး တစ်လုံးပြီး တစ်လုံး ထမ်းပြီး ဒီဘက်ကနေ ဟိုဘက် သွားပုံခိုင်း၊ တစ်ဖန် ဟိုဘက်ကနေ ဒီဘက် ပြန်ပုံခိုင်း ... ဒီဘက်ပြီးတော့ ဟိုဘက် တစ်ဖန် ပြန်ပုံခိုင်းတဲ့။ အမြောက်လုံး သံလုံးကြီးတွေ ချီရင်း ချီရင်း ခါးချည့်ချည့်ပြီး အလိုလို အော်တို မက်တစ် ခါးကျိုးအောင် ကြံတဲ့ ပြစ်ဒဏ်ပဟာ ..."

သူတို့ ။ "အလာ လာ ..."

ဒိုး ။ "နို့ပြီး သူ့စာထဲမှာ 'ဂလန့်ခြေချင်း၊ ဒေါက်ခြေချင်းနဲ့ ဂုံအိတ်ဝတ်ဆင် ...' ဆိုတာ တွေကောတဲ့ မှတ်ဟဲ့နော် ...။ ဂုံအိတ်ဝတ်ဆင်
mgyoe.com

mgyoe.com
ဆိုတာတော့ဟယ် ရှင်းပါတယ် ...။ အဝတ်တွေ ချုတ်ခိုင်းပြီး နေရင်း ထိုင်ရင်း ဖင်ယားနေအောင် ဂုံအိတ်စွပ်ထားရတဲ့ ပြစ်ဒဏ်ပ ဟယ် ...။ တစ်မျိုး ယားကျိကျိလေးပေါ့ဟဲ့ ..."

"အလယ် လယ် လယ် ...."

ဒိုး ။ (မျက်လုံးကို နည်းနည်းဖြံပြ၍) "ဂလန့်ခြေချင်း၊ ဒေါက်ခြေချင်းများကလည်း အဟုတ်တစ်မျိုးစိ အဖိုးတန်တာဟနော် ...."

"ဂလန့်ခြေချင်းဆိုတာကဟဲ့ ခြေကျင်း ၂ ခု ဘယ်နဲ့ ညာကို အလယ်က ခြေထောက်ခြင်း စုပြီး ရပ်လို့မရတဲ့အောင် တစ်တောင်ထွာလောက် သံချောင်းခံပြီး ခြေချင်းခတ်ပေးထားတဲ့ ဒဏ်ဟဲ့။ ဒီဂလန့်ခြေချင်း ခတ်ထားရင် ခြေထောက်ချင်း ပူးထားလို့ မရတော့ဘဲ ခြေထောက် ၂ ဖက် ဘေးကားပြီး ခြေထောက်လင်မယား ကွဲနေတော့တာပေါ့ ..."

"အေးဟယ် ... လျှောက်တဲ့အခါကျတော့မှ ဒီဂလန့်ခြေချင်းဟာ ပို တစ်မျိုး အဖိုးတန်တော့တာကလား။ ခြေထောက်ချင်း ပူးမရတော့ကာ ကား ယား ကားယားနဲ့ ကဏန်းသွားဖြစ်နေပြီး တစ်မျိုးချစ်စရာလေး ဖြစ်နေတတ် သတဲ့ ဟဲ့ ..."

"အပါး ..."

ဒိုး ။ "ဒါကလည်းဟယ်၊ ဆိုပါတော့ဟယ် 'လူစင်စစ်က ကဏန်းဖြစ်စေ'ဆိုတဲ့ ပြစ်ဒဏ်မျိုးပဟယ် ..."

"အမေရေ အမျိုးမျိုး အထွေထွေ ပါလားဟဲ့ " တစ်ဦးက ထမြည်လေ၏။

ဒိုး ။ "ပြီးတစ်ဖန် 'ဒေါက်ခြေချင်း' ဆိုတာကောတဲ့။ အဲဒါကလည်း ထောင်သားကို တစ်မျိုး ချီးမြှင့်နည်းပါတဲ့ကွာ ..."

"ဒေါက်ခြေချင်းက ပေါင်ရင်းဆီကနေ သံချောင်းရှည်နှစ်ခုဟာ ဆင်းသွားပြီး ဘယ်ခြေ ညာခြေ ခြေချင်းတွေမှာ ထောက်နေတာကွယ်၊ သဘောကတော့ ပေါင်ကနေ ခြေချင်းတွေကို ဒေါက်ထောက်ပေးထားပြီး ခြေထောက်ကွေးမရတော့ဘဲ ထိုင်ရအလွန်ခက်၊ ထလည်း အလွန်ခက်နဲ့ တစ်မျိုး တစ်ဘာသာ အရသာတွေ့နေအောင် လုပ်ပေးထားတာပဟယ်"

တစ်ဦး မျက်လုံးပြူး၍ "နိပ်ဟ၊ ဟယ် ... တောက်"

ဒိုး ။ "သူလည်း ကိုယ့်ခြေထောက်က ကိုယ့်ပေါင်ပြန်

mgyoe.com

mgyoe.com

ထောက်ထားတဲ့ ဒေါက်တွေနဲ့ဟာ ထိုင်ရ ထရ သွားရ အရသာ တယ်တွေ့တာပေါ့ဟော့။

"အမယ် ဒီဒေါက်ခြေချင်းက ဂလန့်ခြေချင်းနဲ့စာရင်တဲ့ သူက ပိုပြီး ခံစားရတဲ့ အရသာ ပိုဆားငန်ချင်သတဲ့ဟဲ့ ...။ နိုပ်ကွဲ၊ မှည့်ကွဲ ..."

"အဲ ... သို့သော်တဲ့ ...။ ဒီဂလန့် ခြေကျင်းရော၊ ဒေါက်ခြေကျင်းရော သဘောတူတာကတော့တဲ့။ အီအီးပါရာမှာ ပို မဟားတရားနဲ့ ပို အရသာတွေ့ရပါသတဲ့ဟော့ ...။ အောင်မလေး ..."

(မှတ်ချက် ။ ဒီနည်းစနစ် ထောင်သား ချီးမြှင့်နည်းတွေဟာ ခုခေတ်မှာတော့ အတော်လေးပဲ ကွယ်လွန်အနိစ္စရောက်ကုန်ပါသတဲ့ ...)

•ထောင်စာ ။ ဒေါင်းရာဇာ နေမင်း ဂေါရာသို့ ဆင်းပါရော၊ အလုပ်ကတည့် အလွတ်၊ ထောင်ဘက်သို့ လာမှဖြင့် ဂျမဒါ ထိုကုလားက မေးကိုကိုင်၊ အာကိုဖြဲ၊ တကတဲ ဘီလူးကြီးဆွဲသလို တလာစီ နွှဲလိုက်တာက သန်းလင်မယားတောင် ချုပ်ရိုးကြားချောင်မှာ အသာနေရ ...။

ဒိုးအဖြေ ။ "အလုပ်အကိုင်က အပြန်မှာ ထောင်သားတိုင်းကို တစ်ဦးစီ တစ်ဦးစီ ဖြဲရဲနေ့စဉ်ရှာဖွေခြင်းကို ဆိုလိုတဲ့ စာပ။ ထောင်မှာ သီးခြား ကဏ္ဍခွဲပြီး 'အလုပ်ဘက်' ဆိုပြီးတော့ ထောင်သားများ အလုပ် လုပ်ရတဲ့နေရာရှိတယ်။ အဲဒီနေရာကို ထောင်သားများ နေ့စဉ် မှန်မှန် အချိန်မှန် အလုပ်ဆင်းကြရတယ်ဟဲ့။ သာကဒိုးတို့လည်း ကုလားထိုင်ပြင်ခြင်း၊ ကော်ဖတ်စားခြင်း၊ ပေါလစ်သုတ် အရောင်တင်ရခြင်းတွေ ခပ်တည်တည်လုပ်ကိုင်ရကာ ထောင်အရသာလက်တွေ့ကို အီစလံလေးဝေအောင် မျိုဆို့ရခဲ့တဲ့ နေရာပေပ။

"အဲ ... အဲဒီ ခိုင်းသမျှ အလုပ်ကို လုပ်ကိုင်ရပြီးတဲ့နောက် ထောင်ပုံစံအတိုင်း ကိုယ့်အစု ကိုယ့်အတန်းနဲ့ အိပ်ဆောင်အပြန်မှာ အထက်ပါအတိုင်း သန်းလင်မယားတောင် ထိတ်လန့်အောင် တစ်ကိုယ်လုံးပဲ ဖြဲဖြဲ ရှာတော့တာပဲ ...။ သေသေချာချာ ဟိုကိုင် ဒီဆွဲနဲ့ တစ်ကိုယ်လုံးရှာတော့ ယားကျိကျိဟ"

"ဒီလို အစစ ဖြဲရှာတတ်တာကို ထောင်ဘာသာနဲ့ 'တလာစီတယ်' လို့ ခေါ်တယ်။ ကုလားလို 'တလာ့စ်' မြန်မာလို 'ရှာဖွေလှန်ပြန်ခြင်း' က ဆင်းလာတဲ့ ထောင်စကားတဲ့ဟဲ့။ ဒီလို အလုပ်ထောင်က အပြန်တိုင်း နေ့စဉ်လူစေ့တက်စေ့ကို အကုန်ကိုင်၊ အကုန် ဖြဲ အမြဲရှာရခြင်းအကြောင်းက ဒီလို

mgyoe.com
အလုပ်ဘက်က တစ်စုံတစ်ခု ပစ္စည်းဗုန်းလာမှာ ကြောက်ခြင်းနဲ့ လက်နက် တစ်ခုခု (ဝါ) သံချွန်တစ်ခုခု လုပ်ယူလာမှာ စိုးရိမ်ခြင်းကြောင့်ပ ...။ ထောင် ထဲမှာ တချို့က သံချွန်ဆောင်ပြီး လူမိုက်လုပ်တတ်တယ် ...။ ဗိုလ်ကျ တတ်တယ်။ တချို့ကတော့ သံချွန်နဲ့ တေ့ပြီး နာရီ လုတတ်၊ ဖောင်တိန် ပစ္စည်း လုတတ်တယ် ...။ အချို့ကတော့လည်း သံချွန်နဲ့ လည်ပင်းတေ့ပြီး ယောကျ်ားချင်း လေးနက်စွာ မုဒိန်းကျင့်တတ် ...။ ဆိုပါတော့ ရဲဘော်တို့ရာ ထောင်ထဲမှာ သံချွန်တစ်ချောင်းဟာ အပြင်မှာ ခြောက်လုံးပြူးတစ်လက် လောက် ခရီးပေါက်တာ သွားသဟဲ့၊ မှတ်ဟဲ့"

"အလဲ့ ... နိပ်ဟဲ့ ... " တစ်သီးက ထမြည်၏။

**ထောင်စာ**။ ထမင်းစား လွှတ်ပြန်တော့ လက်တစ်ဖက်က ဗျပ်ကို ကိုင် ...။ နှစ်ယောက်စီ အသာတွဲပါလို့... သွားခဲ့ရ။ စားရပြန်တော့ ဝက် စာ...။ ဘယ့်နှာချက်ကာ ကျွေးပါလိမ့် ...။ ထမင်းစိမ်းဆတ်၊ တာတပေါ ရွက်စုံငယ်နှောပါလို့ ...။ ကျောက်ခဲတစ်ဝက်၊ သဲတစ်ပြက်ကယ်နှင့်"

ဒိုးဖြေ ။ "အမယ်... ဒီအပိုင်းလည်း မှတ်စရာတွေ အပြည့်ပါ သဟေ့။ ထမင်းစားတဲ့အခါ ဗျပ်ကို ကိုင်ပြီး နှစ်ယောက် တွဲသွားရသတဲ့။ မှန်သဟဲ့ ...။ ထောင်မှာ သိထားစရာက ထောင်သားတစ်ယောက်တည်း ဘယ်နေရာမှ သွားလာခြင်း မရှိရဘူး။ အလုပ်ဆင်းရာ ဖြစ်စေ၊ ထောင် ဆေး ရုံသွားသွား၊ ထောင်ဝင်စာ လာလာ၊ အမြဲ ထောင်သားနှစ်ယောက်တွဲ သွား ရသဟဲ့။ အဲဒါလည်း ထောင်ပုံစံပဲတဲ့။ ထောင်သားယောကျ်ားငနဲချင်း လင် မယားအရင်းလို သူ့လက် ကိုယ့်လက် အပြန်အလှန် ဆုပ်ကိုင်ပြီး သွားရသ ဟေ့ ...။ ကောင်းသဟဲ့ ။

"နောက် ထောင်စာ ထောင်အဟာရကလည်း သူရေးတဲ့ အတိုင်းပေါ့ ဟယ် ...။ စားရတာက ဆန်လုံးညို (ခေါ်) လုံးတီးထမင်း မာဆတ်ဆတ်၊ အဲဒါ ပဲဟင်းနဲ့ ထပ်အုပ်ရသဟယ် ...။ ဒီကြားထဲမှာ မေတ္တာစေတနာနဲ့ ကျောက်ခဲများကလည်း ပါပါလာတတ်တယ်။

ဒိုး ။ "အေး ... ထောင်သားတို့ ဖြစ်ပုံ သနစ်စုံ ပြောရ ဘယ် ဆုံးပါ့မလဲကွာ။ ဟုတ်လား ထောင်တစ်ပတ် တစ်ခါတစ်ခါတော့ အသား ဟင်းလေး ကျွေးပါတယ်။ အဲဒါက သောကြာနေ့တိုင်း၊ ညနေစာကို ဝက် သားဟင်း တစ်ဖတ်၊ နှစ်ဖတ်မျှစီ စားရတယ်။ ဟင်းဆိုသော်လည်း ကပြစ်
mgyoe.com

mgyue.com


ကညစ်ပေါ့ကွယ်။ အဲဒီ သောကြာနေ့၊ ဝက်သားနေ့၊ ထောင်သားတို့ရဲ့ ပွဲတော်နေ့ ညနေအခါမှာ ထောင်သားများ ဝက်သားစားရမည်ဖြစ်၍ အလုပ်ကို ၁၅ မိနစ် စောစောပြီး ဆင်းပေးရတယ်ကွဲ့ ...။ ထောင်အဖို့၊ ဒီနေ့များဟာတော့ 'ဝက်သားဒေး'၊ 'စပယ်ရှယ်ဒေး' ပေါ့လကွယ် ... တယ် ထူးခြားတယ်"

"အလဲ ... လဲ ..."

**ထောင်စာ**။ သည့်ပြင် တစ်တန်၊ မိလ္လာသို့ တက်မှဖြင့် ချေးပါရာ သေးစက်ကျတယ်လို့၊ ဘေးနှစ်ဖက်ကျောကို ထောင်းတဲ့ပြင်၊ တုတ် ခနောင်းလွဲ သင်ဇာဝုတ်ကို သဲဖြင့်သာ သုတ်ခဲ့ရ၊ ရှုပ်လိုက်တဲ့ ငရဲပြည်။

ညနေ အိပ်တန်းတက်ရပြန်တော့ ဂုံအိတ်ကိုခင်း၊ ခေါင်းအုံးလည်း မပါ၊ မညာတဲ့ ကြမ်းပိုး တစစ်စစ်ထိုးသောကြောင့်၊ နိုးပြန်ပေါ့ မောင့်ကံရယ်"

**ထောင်ဆရာဒိုးအဖြေ**။ "အေး ... ဒါလည်း ထောင်ထဲက ကောင်းတာလေးတွေ အစုံပါပြန်သဟဲ့။ ထောင်ထဲမှာ အိပ်ရပုံအရသာနဲ့ အီအီးပါရပုံ အရသာကို သရုပ်ဖော်တာပဲ။ အိပ်ရတာကတော့ သူ့စာထဲမှာ ပါတဲ့အတိုင်း ကောင်းခြင်းအင်္ဂါ လက္ခဏာတွေ အလွန်ပြည့်စုံပေတာပေါ့"

အီအီးယိုခြင်း အကြောင်းကတော့ဟယ် ... အပြင်လူတွေအဖို့ ကြားရကြားရ နားဝမှာ မယုံနိုင်ပါဘဲ။ အဲဒါ ဟိုယခင်ကျေးသော အင်္ဂလိပ်မင်းများ လက်ထက်တော်က ထူးခြားစွာ သောက်ကျိုးနည်း ရွှေဉာဏ်တော် စူး၍ တီထွင်တာပါပဲ။ ရှူးပေါက်ချင် တခြားပေါက်၊ လူဘဝအတော် ဆန်းလှပုံက ချေးယိုရင် သေး မပေါက်ရ၊ မထွက်ရတဲ့။

"အယိုယို ... ယို" တပည့် ငနဲတစ်ဦးက အတော် စတွန့်သွားပုံ ရလေ၏။

အိုး ... ဒါ အမှန်ပဲဟဲ့။ ချေးပါရင် သေးတစ်စက် မကျရ၊ ကျရင် အုပ်လိုက်တာဆိုတာ မှည့်မှည့်နေတာပဲတဲ့။

"ဒီလိုပဲ အုပ်လား ... နို့ဗျာ ... ထောင်အကြောင်းကလည်း အုပ်ခန်းတွေက များပဲ များလှချည့်လား။ အုပ်ပြီးရင်း အုပ်ရင်း၊ အုပ်ကွက်ချည်းကိုး..."

"အိုး ... ခုခေတ်တော့ အတော်ကြီး ဒီလို အုပ်ကွက်တွေ ပြီးသွားပါပြီ။ ထောင်ဆိုတာ အုပ်ကွက် တီးကွက်တို့ များတာတော့ ဘယ်ပြောကောင်းမလဲ ကိုယ့်လူ ...။ ဒီလို ဆက်လက်၍ အုပ်စရာ အလီလီတွေ ရှိနေလို့ပဲ။"

mgyue.com

mgyoe.com

ထောင်ထဲ ဖူးဝက ခေါင်းလျှို ခါးကုန်းပြီး ဝင်ဟဲ့ဆိုကတည်းက ဘုမသိ၊ ဘမသိ၊ ဘာမပြော ညာမပြောနဲ့ နားရင်းပါးရင်းကို နိဒါန်းတီး၊ ပဏာမတီး တီးလုံးနဲ့တီးပြီး ထားခဲ့တာပဲဟဲ့ ... ဟုတ်စ"

"နို့ ... အီအီးပါရင် သေးတစ်စက် မကျအောင်က ဘယ်လို လုပ်သလဲဆိုရင် ပထမ အီအီးကို ခဏချုပ်၍ ပဏာမ ရှူရှူးကို တစ်ကဏ္ဍ ပေါက်ရသတဲ့ဟဲ့"

"အယ် ..."

ဒိုး ။ "ဒီလို ရှူးကိစ္စ ပထမကဏ္ဍမှာ စတင်ရှင်းပြီးမှ အီအီးကို သွားထိုင်၊ သည်လို ထိုင်ရာမှာလည်း သဲခံပြီး ထိုင်ရတာ ဖြစ်တော့၊ အီအီးပါရာ ရှူးပါရင် သိသာလှပါသတဲ့။ ရှူးပါရင်လည်း တစ်ခါတည်း နောက်က တီးလုံးတွေက လာတော့တာပဲတဲ့"

"ဒီလို သဲပေါ်ထိုင်ထားတာ သဘောက ကျုံးရလွယ်အောင် ပါပဲတဲ့။ တစ်ဖန် သူ့စာထဲက အတိုင်းပေါ့။ ကိစ္စပြီးလို့ ရှင်းရာမှာလည်း တုတ်ခနောင်း မရသာလို့ သဲနဲ့ပဲ ရှင်းရတာ များပါသတဲ့"

"အေး ... လူပဲကွယ် မွေးကတည်းက လူ့သဘာဝ ရှူးရှူးနဲ့ အီအီး တွဲနေပြီး သဘာဝကိုပဲ ဟင်း ... ပစ္စည်းချင်းတောင် ကပ်ထားကပ်ပါလာတဲ့ ဥစ္စာ။ ထောင်မှာကျတော့ ရှူးက ရှူးကဏ္ဍ တခြား၊ အီအီးက အီအီးကဏ္ဍ တခြား၊ ဖွတ် ခွဲခြားပြီး သီးခြားနယ်မြေ လုပ်လေသတဲ့ဟဲ့ ..."

"အေး ... လူ့ဘဝ လူ့သဘာဝကို တစ်ဘာသာ ထူးခြားစွာ တစ်မျိုး လုပ်ထားပဟယ်။ ဒီလို လူက လူချင်း မတူရ၊ လူ့သဘာဝကြီးနဲ့ တစ်ဘာသာ ထူးခြားစွာတွေ့ရ၊ နေရာ လုပ်ရ၊ ဖြစ်ရတာတွေဟာ အဲဒါ အဲဒါ... ထောင်ထောင် အရသာဆိုတာပေပ"

ထောင်စာ ။ မိုးလင်းလို့ ဘုရားလည်း ရှိခိုးအပြီးမှာ တိုက်ထဲက လူတွဲလို့ ထုတ်လာ၊ ဝတ်တာက ကျားဖျင်၊ ကားစင်မှာ မတ်တတ်၊ ဒေါက်ဖြုတ်လို့ သတ်သတဲ့။

အို ... ဆော်ကြေးစည် အဖေရိုက်ပါလို့၊ မယားသည် သားသည်ကို ပိုက်ငဲ့ပြင် မွေးမိခင်ရေ... ကျုပ်တို့ဖြစ်အင် မြင်လှည့်ပါဦးတော့လေး။

ထောင်ပါမောက္ခငနဲဆို။ "ဝေး ... အဲဒီအပိုင်းကတော့ဟော့၊ ထောင်ဘဝ၊ ထောင်အတွေ့မှာဖြင့် အကြေကွဲ၊ အနာကျင်ဆုံး ကဏ္ဍပါပဲကွာ၊

mgyoe.com

အဲဒါ သေဒဏ်အမိန့်ကျသူကို ထောင်မှာ သားရယ်၊ မယားရယ်၊ အဖေရယ် တို့ ရှေ့မှာ အရှင်လတ်လတ် ကြိုးပေး သတ်ခန်းကို စာတိုတိုလေးနဲ့ ထိထိ မိမိကြီး ရေးပြလိုက်တာပါပဲ ...”

“ကြိုးပေးခန်းကို ထောင်သားများ ဘယ်လောက် စိတ်နှလုံး ယူကျုံး မရ ထိခိုက်ကြတယ်ဆိုတာလည်း ဖော်ပြထားပေရဲ့။ အေး ... အဲဒါလည်း အင်ပါရာ အရှင်သခင် လူယဉ်ကျေး အင်္ဂလိပ်မင်းတို့ရဲ့ ကောင်းမှုလက်ရာ တော်လေးပါပဲ ကိုယ့်လူတို့၊ သူ သတ်ရပုံ စနစ်လည်းကြည့်ဟဲ့။ မြန်မာ အယူအဆအရ နံနက်စောစောခါ မင်္ဂလာယူ မဟုတ်လား။ အေး ... သူတို့ လုပ်ထားခဲ့တဲ့ စနစ်က နံနက်စောစော အရုဏ်ချိန်မှာမှ ကြိုးသမားကို သတ် ရတာကိုး။ အေး ... သေဒဏ်ကျတဲ့ ကြိုးသမားအကြောင်း၊ ကြိုးသမားထား တဲ့ ကြိုးတိုက်အကြောင်းတွေကို ဒိုးမှာ ပြောစရာ ကိုယ်တွေ့များ များစွာ ရှိသဟ။ ဒီကဏ္ဍကိုတော့ သီးခြားထားပြီး သီးခြားပဲ ရေးရ သားရ၊ ပြောရ ဟောပြောရပေဦးမဟ။ ဒိုးက ထောင်မှာ ရုံးက ထောင်ချလိုက်ချိန်ကစပြီး ကြိုးသမားတွေ ထားတဲ့ ကြိုးတိုက်မှာ နေလာခဲ့ရတာကလား။ ရှင်းရှင်းဆို တော့ အဲဒီ ကြိုးသမားထားတဲ့ ‘ကြိုးတိုက်’မှာ နေရ ထိုင်ရရင်းက ဒိုးက အဲဒီ ကြိုးတိုက်မှာ ‘ကြိုးမိ ကြိုးဖ’ တစ်ဦး ဖြစ်ခဲ့သေးတာပဟယ်၊ ဟင်း ကြွားလောက်တယ်ဟဲ့ ...”

“အလဲ လဲ ... ဟဲ့ ...”

ဒိုး ။ “တကယ့် ဆရာ ... ကြိုးသမားကို သတ်ချိန်မှာ ထောင်တစ်ခုလုံး ယူကျုံးမရ ထိခိုက်လှတာတော့ဟာ ... အဲဒီ ထောင်စာ အတိုင်းပါ သေခါနီး စိတ်နှလုံးချောက်ချားပြီး တုန်လှုပ်နေတဲ့ ကြိုးသမား ကို အခန်းထဲက တွဲထုတ်ရပုံ၊ ကြိုးသမား ထုံးစံသေခါနီး ဝတ်ရတဲ့ အဝတ် ဝတ်ဆင်ထားပုံ ... ဒီအခါမှာ အဖေက ကိုယ့်သားလေး ဘဝကူးကောင်းပါ စေတော့လို့ မချည့်တဲ့ နှလုံးသားနဲ့ပဲ ကိုယ်တိုင် သားကို ကြေးစည်ရိုက်ပို့ပုံ၊ သားကလည်း အဖေ ရိုက်ပို့တဲ့ ကြေးစည်သံ၊ အရှင်လတ်လတ် နာခံရင်းကြီး က ကြိုးစင်ပေါ် တက်ရရှာပုံ၊ သား သမီးငယ်နဲ့ မယားတို့ကလည်း ကိုယ့် လင် ကိုယ့်အဖေကို ကိုယ့်ရှေ့သတ်တော့မှာ သေသေချာချာ သိပါလျက် လည်း။ နောက်ဆုံး ကြည့်ခြင်းအဖြစ်ကို နာကျင် စူးရှ အလွန်ကြိတ်ထိန်းရတဲ့ နှလုံးနဲ့ပဲ လာကြည့်ကြရရှာပုံ ဆိုတာတွေ မြင်ရ တွေ့ရသိရတဲ့ ထောင်သား

mgyoe.com

mgyoe.com


များမှာလည်း သူတို့ ဖြစ်အင်ဘဝ၊ ယူကျုံးမရ ဖြစ်ဖြစ်ပြီး တစ်ထောင်လုံးပဲ မီးမြိုက်တဲ့ပန်းလို နွမ်းကြေထိခိုက်ကြရှာပုံတွေကို ရဲဘော်တို့ရေ ... ထောင်သားကြီးက တိုတိုနဲ့ ရေးပြီး ဆိုလိုလိုက်ခြင်းဟာ"

ထောင်ပညာမှာတော့ဖြင့် ငါ ထောင်ပါမောက္ခဟု ဆိုသော ကိုရင်ဒိုးသည် ... ထောင်အကြောင်းကိုဖြင့် လျှာစင်းစင်းထွက်သည်တိုင် အဲသလို အခမဲ့လင်းသည်၊ ရှင်းသည်၊ ထောင်အကြောင်း ပြောရမည်ဆိုလျှင် ဒိုးဆိုသော ထောင်ထွက်ငနဲသည် သို့ကလို အခမဲ့ စရိတ်ငြိမ်းပဲ ရှင်းလင်းပြောပြ လေကန်တတ်လှရုံမက၊ နားထောင်သူကို လက်ဖက်ရည်ပင် တည်တိုက်သေးသည်ဟု ကြားရလေ၏။ ထောင်အကြောင်းဆိုက အဲသလောက် စေတနာ ဝန်ထမ်း လေပန်းသည် ဆို၏။

ဒီအပေါက်မျိုးဖြစ်နေတယ် ဆိုတော့လည်း တော်တော်ပေါတဲ့ ငနဲဘဲဟု အောက်မေ့ကြရလေကုန်၏။ (သည်းခံကြ၊ ထောင်ထွက်အဖို့တော့ ထောင်နဲ့ပဲ ကြွားကြွားရရှာတာ ....) နော။

ဒိုးက သူ၏ ထောင်ပညာ၊ ထောင်ကျူရှင် (ဝါ) ထောင်အလွတ်ပညာသင်ကျောင်းတွင် ထိုရှေးထောင်သားကြီး ရေးသွားသော ထောင်စာကို အလွန်အသားယူကာ ရှင်းလင်းလေကန်လေ့ ရှိလေသည်။ ထိုစာတမ်းကတော့ သူ၏ ထောင်တက္ကသိုလ်ဝင်သင်တန်း၏ ပြဋ္ဌာန်းစာ အစ ဟူသတည်း။

နောက်ပြီး သူတွင် ကိုယ်တွေ့ ထောင်ဝတ္ထု၊ ထောင်ဇာတ်သိမ်းတွေလည်း တကယ် ဟုတ်လေ မဟုတ်လေတော့ မသိ၊ အလွန် လေကန်တဗဲ့သေး၏။ ရှိတုံသေး၏။

ထိုဇာတ်လမ်းတွေ အဖြစ်အပျက်တွေ ဆိုတာတွေကတော့ နောင် သူပုံကြီးချဲ့ကာ ရေးသားစားသောက် ဝါးမျိုစရာတွေ ရှိသေး၍ ဖော်ရေးခွင့်တော့ မပြုတဲ့ ...။ ထောင်သင်တန်းလာတက်သော ငနဲအပေါင်း သူတော်ကောင်းတို့အား ထောင်ဆရာငဒိုးက နောက်ဆုံး နိဂုံးပိတ်၍ ပြောလေ့ရှိသည်ကား။

ဒိုး ။ "ကိုင်း... ရဲဘော်တို့ အခြေအနေ အရပ်ရပ် ထောင်ပညာကတော့ အဲဒါ အတိုချုပ်ပဲဟ ... သူများ ပြောတာနဲ့ မကျေနပ်ရင် ကြားရတာနဲ့ မဝရင်၊ စာတွေ့မျှနဲ့ အားမရရင် ... အေး ... နင်တို့ ကိုယ်တိုင်ပင် ထောင်ကျ ကြည့်လိုက်ကြကုန်လော့"

"ဟဲ့ ... အမယ် ... ရက်စက်လှချည်လား ဒိုးရယ် ..." တစ်ဦးက

mgyoe.com

ထ၍ ထိတ်လန့်စွာ အော်မြည်၏။

တစ်ဦးက စူးစမ်းလိုက်ဟန်ဖြင့် လည်ပင်းကို ရှည်၍ "ဟေ့ ... ဒိုးရ အနို့ကွာ ထောင်အကြောင်း မြည်းရရုံ၊ သိရရုံလေး ခဏလေး ထောင်ကျ ကြည့်ချင်လို့ နည်းနည်းပါးပါး နည်းလမ်းများ မရှိဘူးလားဟ ... တိုးတိုး ပြောစမ်းဟ ..."

ဒိုးကပေါင်ကို ဖြောင်းခနဲ ပုတ်၍ "ရှိတယ် ကိုယ့်လူ ရှိသဟဲ့ ... လ ကလေးလား၊ လကြီး ယူမလား၊ တစ်လ ကျချင်လား၊ သုံးလ ကျချင်လား၊ ခြောက်လ လား၊ နည်း ရှိသဟဲ့။ ကြိုက်ရာပြော၊ ထောင်ထဲကို အလည် သွားချင်တဲ့လူ ပြောဟဲ့ ..."

"ဟုတ်တယ်လေ ... ကိုယ့်လူတို့ရဲ့။ ကိုယ့်လူတို့အထဲက မတော်တ ဆများ ထောင်ကျ ဝါသနာ နည်းနည်းပါရင်ပေါ့ဟာ ..."

ဒိုးကပင် ဆက်၍ "အဲဒါ ထောင်ခဏ ကျပြီး ... ထောင်ထဲ သွား လည်ချင်ရင် သိပ်မခက်ဘူးဟ၊ ငါ့ကို ထောင်ဝါသနာ ပါတဲ့ မိန်းမလျာ တွေက ပြောပြတယ် (လေသံကို နှိမ့်၍) 'ထောင်ထဲမှာ ကိစ္စရှိရင်တဲ့ ရက်တိုတို နဲ့ ခဏတစ်ဖြုတ် သွားကျချင်ရင်တဲ့ စိတ်ကူး မလွဲနဲ့တဲ့။ မီးရထားသာ ခိုးစီး တော့" တဲ့ ...။

"ဘာကြောင့်လဲဆိုတော့ ... ထောင်ထဲမှာ သူတို့ အဆက်အသီးသီး တွေ၊ လင်တွေရှိကြတာကိုး ...၊ ဒီတော့ ဒီလင်တွေဆီသွားချင်တဲ့အခါ အဲ... မိရာ မီးရထားခိုးစီးလိုက်တာပဲတဲ့။ ...ကဲ ... ကွဲ့"

"အလယ်လယ်ကွယ် ... နိပ်တယ် ... ကြိုက်ပြီဟေ့၊ နင့် အခမဲ့ စရိတ် ငြိမ်း ထောင်ကျနည်းဟဲ့"


(တော်ပါတော့)

သာကဒိုး

ဘုရှူး နိုဝင်ဘာလ ပွမဝ မဂ္ဂဇင်း

mgyoe.com

mgyoe.com




# တုပ်ကွေး ဖူးစာ

ကြူမွှေး

(ဤ၀တ္ထုဖြင့် ဝါကျွတ်ပွဲတော်ကြီးကို တင်ကူး၍ ကြိုဆိုလိုက်ပါ၏)

ယခုနှစ် နိုင်တီး ဖစ်(ဖ်)တ် ဆဲဗင်းကို ဖလူးအော့(ဖ်) သီယီယား (တုပ်ကွေးနှစ်) ဟု ဆိုလျှင် မှားမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံမှာလည်း တုပ်ကွေး ....၊ သည့်ပြင် နိုင်ငံတွေမှာလည်း တုပ်ကွေးနှင့် တကွေးတည်း ကွေးနေသောကြောင့်ပင်။

ကျွန်တော်တို့၏ ဗလာရန်ကုန်မြို့တော်ကြီး အဲလေ ယောင်လို့၊ မဟာရန်ကုန်မြို့တော်ကြီး၌ဆိုလျှင်လည်း မိုးဦးကျပြီးကတည်းက တုပ်ကွေး

mgyoe.com

mgyoe.com

ရောဂါတွေ အနမတဂ္ဂ မပေါ်ပေါက်ခဲ့ကြ၏။ ဟိုအိမ်မှာလည်း တုပ်ကွေးဖြစ်၊ သည်အိမ်မှာလည်း တုပ်ကွေးဖြစ်၊ ဖဆပလ အဖွဲ့ဝင်တွေမှာလည်း တုပ်ကွေးဖြစ်၊ ပ–မ–ည–တ အဖွဲ့ဝင်တွေလည်း တုပ်ကွေးဖြစ်၊ နောက်ဆုံးတော့ ဘောလုံးသမားများနှင့် ကျောင်းသားတွေကိုပင် တုပ်ကွေးဖြစ်နှင့် ဗိုလ်တုပ်ကွေးသည် မည်သူ့မျှ ချမ်းသာ မပေးခဲ့ပေ။

အဲ ... အဲ တစ်ခုတော့ ရှိသည်။ ဝန်ကြီးချုပ် ဦးနုနှင့် အခြား ဝန်ကြီးတွေကိုတော့ ယနေ့အထိ တုပ်ကွေးသည်ဟု မကြားမိသေးပေ။

ဘာကြောင့်နည်း ... ဗိုလ်တုပ်ကွေးသည် ဝန်ကြီးချုပ် ဦးနု၏ စိပ်ပုတီးကို ကြောက်၍လော ... သို့မဟုတ် ဝန်ကြီးများနေထိုင်ကြသော သံဆူးကြိုးဝင်းခြံနှင့် ဘော်ဒီဂတ်တို့၏ ဘရင်းဂန်းကို ရွံ့ကြောက်ခြင်း ဖြစ်၍လော ဟူ၍ ကျွန်တော်သည် အမျိုးမျိုး စဉ်းစားတွေးတောနေမိ၏။

တုပ်ကွေး ဤမျှ ခေတ်စားနေရခြင်းအတွက်လည်း လက်သည်တရားခံကို ရှာဖွေရမည်ဆိုလျှင် သူတို့ကိုယ် သူတို့ စတုတ္ထမဏ္ဍိုင်ကြီးဟူ၍ ကင်ပွန်းတပ်ထားကြသည့် ပရက်(စ်)မင်း (သတင်းစာဆရာ) တွေသည် တစ်တရားခံများ ဖြစ်ကြပေသည်။

သူတို့သည် သတင်းဆန်းတွေကို မရကြဘဲ နေ့စဉ်နှင့်အမျှ လင်ကွာ၊ မယားကွာ သတင်းတွေ၊ ကာမသောင်းကျန်းမှုသတင်းတွေ၊ ပျူစောထီးတို့၏ လူသတ်ဝါဒကျင့်သုံးနေကြသည့် သတင်းတွေနှင့် တိုင်းပြည်၏ ဘဏ္ဍာတော်ကြီးကို ကိုယ့်အမေ့လင်ပစ္စည်းကဲ့သို့ သဘောထားကာ ခြစားနေကြသည့် သတင်းတွေကိုသာလျှင် ထပ်တလဲလဲ ဖော်ပြနေကြရသဖြင့် ကြာတော့ သူတို့သည် ငြီးငွေ့လာပုံရကြသည်။

ထို့ကြောင့် သူတို့သည် တော်ပါလျက်နှင့် မြို့မိ၊ မြို့ဖများ၏ မြှောက်စားချီးမြှင့်ခြင်းကို မခံစားရဘဲ တိမ်မြုပ်နေရသည့် ရုပ်ရှင်မင်းသမီးကလေး တစ်ဦးကို တိုင်းပြည်တွင် ဟိုးဟိုးကျော်ကြားအောင် မြေတောင် မြှောက်ကာ ပေးလိုက်သည့်နည်းတူ ယခု တုပ်ကွေးတည်းဟူသော အညတြရောဂါကလေးတစ်ခုကိုလည်း သူတို့သည် တိုင်းပြည်တွင်သာမက ကမ္ဘာအနှံ့အပြားသို့ ဟောက်ဟောက်ကျိုး၊ ဟိုးဟိုးကျော်အောင် လုပ်ဆောင်ပေးလိုက်သဖြင့် တုပ်ကွေးသည် မင်းသား ဇေယျကြီးကဲ့သို့ ခေတ်စားကာ နေလေသည်။

ထိုအကြောင်းတို့ကြောင့် ယခင့် ယခင်က နာမည်ကြီး ရောဂါများ

mgyoe.com

mgyoe.com

ဖြစ်ခဲ့ကြသော တီဘီခေါ် အဆုတ်နာရောဂါ၊ ဗီဒီခေါ် ကာလသား ရောဂါ... မလေးရီးယားခေါ် ငှက်ဖျားရောဂါ စသည့် နာမည်ကြီးရောဂါတွေမှာ ခေတ်မြှုပ်ကာ သွားခဲ့ပြီးနောက် တုပ်ကွေးသာလျှင် နာမည်ကြီးနေလေသည်။

ထို့ပြင် ဖျားနာ၍ နေကြသော သူများအား မေးလိုက်လျှင် မည်သည့်အဖျားဖြင့် ဖျားနေကြသည်ဖြစ်စေ 'တုပ်ကွေးဖြစ်လို့' ဟူ၍သာလျှင် ရင်ကော့ကာ အဖြေပေးကြတော့၏။

သည်လို ဖြေလိုက်ရသည်ကို သူတို့၏ စိတ်ထဲတွင် အာရှဖောင်ဒေးရှင်းမှ ဒေါ်လာ ငွေတွေကို ရလိုက်သည့်အလား အတော်ပင် အရသာ တွေ့သွားကြပုံ ပေါ်လေသည်။ လူတိုင်း လူတိုင်းသည် ဝေဒနာဖြစ်လျှင် တုပ်ကွေးပဲ ဖြစ်လိုကြသည်။ ဖဆပလ အမတ်မှ ဝန်ကြီးဖြစ်နိုင်သလို တုပ်ကွေးဖြစ်မှ ခေတ်မီနိုင်သည်ဟူ၍ ထင်မှတ်နေကြလေသည်။

ယခင်က လမ်းတွင် တစ်ဦးနှင့် တစ်ဦး တွေ့ကြလျှင် ယဉ်ကျေးမှုထုံးစံအရ 'မာကြရဲ့နော်' (သို့မဟုတ်) 'နေလို့ ထိုင်လို့ ကောင်းကြရဲ့နော်' ဟူ၍ နှုတ်ဆက်ကြ၏။

အဲ ... ယခု တုပ်ကွေးခေတ်တွင်မူ ထိုနှုတ်ဆက်နည်းဖြင့် မနှုတ်ဆက်ကြတော့ပေ။ ထိုနှုတ်ဆက်နည်းမှာ ခေတ်မမီတော့။

ထိုနှုတ်ဆက်နည်းအစား ... 'ဘယ်နှယ့် ... ခင်ဗျားတို့ အိမ်သားတွေ တုပ်ကွေး ... ကွေးပြီးကြပလား" ဟူ၍ ခေတ်မီစွာဖြင့် ပြောင်းလဲကာ နှုတ်ဆက်ကြလေသည်။

အဲသည်အထိ လူတို့သည် တုပ်ကွေးအား အရေးပေးခဲ့ကြလေသည်။

အမှန်မတော့ မြန်မာ့ဆေးကျမ်းအရ ပြောရမည်ဆိုလျှင် စိတ္တဇ ... အာဟာရဇာ ... ဥတုနာ စသည့် အနာသုံးပါးအနက် ယခုဖြစ်ပေါ်နေသော တုပ်ကွေးသည် ဥတုနာသက်သက်သာလျှင် ဖြစ်ပေသည်။

ယခုနှစ်သာမဟုတ်၊ ကျွန်တော်တို့၏ မဟာရန်ကုန်မြို့တော်ကြီးတွင် ယခုလို မိုးဦးလေဦးကလေးများ ကျလာပြီဆိုလျှင် လူတိုင်းလူတိုင်း ဖဆပလရော၊ ပမညတ ရော၊ တစ်သီးပုဂ္ဂလရော ဖျားကြ နာကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

သို့သော် ယမန်နှစ်များကတော့ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပမညတကို ဖဆပလ အဖွဲ့ကြီးဖြစ်အောင် ချဲ့ထွင်ရေးသားနိုင်စွမ်းရှိသည့် စတုတ္ထ

mgyoe.com

mgyoe.com
မဏ္ဍိုင် သတင်းစာဆရာကြီးများက တုပ်ကွေးကို တိုင်းပြည်တွင် ပေါ်ပြူလာ (ကာတွန်းစာအုပ် အမည် မဟုတ်ပါ) ဖြစ်အောင် ဖော်ထုတ်ပေးခဲ့ခြင်းမပြု သေးသဖြင့် မည်သူမျှ ခံစားကြရသော ဝေဒနာကို တုပ်ကွေးဟူ၍ မပြောကြ ပေ။ ပြောရန်လည်း သတိမရကြ။ ရိုးရိုးအအေးမိ၍ ဖျားသည့်အဖျားသာလျှင် သာမည အောက်မေ့ကာ ထားလိုက်ကြလေသည်။

ဟော ... ယခုနှစ်တော့ သည်လိုမဟုတ်ကြတော့ပေ။ သောက် သောက်လဲ ဖျားလိုက်၊ နာလိုက်ကြသည့် တုပ်ကွေးဖျားတွေမှာ မြို့ပျက်တော့ မည့်အတိုင်း ဖြစ်သွားခဲ့လေသည်။

ဩော် ... စာရှုသူမိတ်ဆွေလည်း ကျွန်တော်၏ တုပ်ကွေးလက်ချာ ရှည်ကြီးကြောင့် တော်တော်ပင် စိတ်ဝင်စားစွာဖြင့် ဖတ်၍ ငိုက်နေပေရော့ မည်။

ထို့ကြောင့် ကျွန်တော်သည် တုပ်ကွေးလက်ချာကို ဤတွင် လိုက် ကာချဇာတ်သိမ်းလိုက်ပါပြီ။

ကျွန်တော် ထိုသို့ လေရှည်ကြီးဖြင့် လက်ချာရိုက်နေရသည်မှာလည်း အခြားကြောင့် မဟုတ်ပေ။ ကျွန်တော် ယခု တင်ပြမည့် ဝတ္ထုဇာတ်လမ်းနှင့် သက်ဆိုင်နေသောကြောင့် ဖြစ်ပေသည်။

ကဲ ... ကဲ ... အောက်ဖော်ပြပါ ဝတ္ထုဇာတ်လမ်းကလေးကို ဆက် လက်ဖတ်ရှုပါတော့ ခင်ဗျား။

*

အောင်ဒင်သည် အစိုးရရုံးမှ အထက်တန်းစာရေးတစ်ဦး ဖြစ်သည်။ အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်ကျော်ခန့် ရှိလေပြီ။ ကိုယ်လုံးကိုယ်ထည်မှာ တော့ မနိမ့်မမြင့် မဆူမကြုံဖြစ်၍ ရုပ်ရည်မှာမူ အသားဖြူသဖြင့် တရုတ်ဆင် ဖြစ်နေပါသည်။ (ကုလားဆင် မဟုတ်ဘူးဗျနော်) သူသည် အသက်အားဖြင့် သုံးဆယ်နားနီးနေသော်လည်း ယနေ့အထိ အိမ်ထောင်ရက်သား မပြုရသေး ပေ။ အမယ် ... အံမယ် ... မိတ်ဆွေသည်လို ရေးလိုက်လို့ အောင်ဒင်ကို အလျှင်စလို မချီးကျူးပါနှင့်ဦး။

သူ ယခုကဲ့သို့ အိမ်ထောင်မပြုသေးဘဲနေခြင်းမှာ “ဃရာဝါသ ... ကိစ္စများမြောင် လူတို့ဘောင်ကို” စိတ်ရှုပ်၍လည်း မဟုတ်။
mgyoe.com

mgyoe.com

"အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ထို ၃ ချက် မပိုင်လျှင် နောင်ပြင်ရန် ခက်လိမ့်အမျိုး"ဟူသော ဦးပုည၏ ကဗျာကလေးကဲ့သို့ အိမ်ထောင်ပြုခြင်းကို ရွံ့ကြောက်နေ၍လည်း မဟုတ်ပေ။

တကယ်ဆိုတော့ သူသည်လည်း လောကီသားပေမို့ ... ခင်ဗျားတို့၊ ကျွန်တော်တို့၊ ညီမလေးတို့၊ မမကြီးတို့ကဲ့သို့ အိမ်ထောင်ပြုလိုချင်ပေသည်။ (ဝါ) ဘဝ၏ ထာဝရ အဖော်မွန်ကလေးတစ်ဦးကို သူသည် အသေရရ ... အရှင်ရရ မလွတ်တမ်း လိုချင်နေသူ တစ်ဦးဖြစ်ပေသည်။

ထို့ကြောင့် သူသည် လူပျိုပေါက်အရွယ် ... ရိုးရိုးနှင့် ရှင်းရှင်းရေးရမည်ဆိုလျှင် မိန်းမ နောက်ပိုးတတ်သည့်အရွယ်မှစ၍ (မ) မြင်လျှင် အပျိုသော၊ အအိုသော မရှောင် ငေါ်ခဲ့လေသည်။

သူငေါ်ခဲ့သော မိန်းမများကို ရေတွက်၍ ပြရလျှင် သူ၏ ယခု လက်ရှိအသက်ထက် နှစ်ဆပင်ကျော်နေခဲ့လေပြီ။ သို့သော် သူသည် ယနေ့ထက်ထိ မစွံခဲ့သေးပေ။ မြင်းစကားနှင့် ရေးရလျှင် လူပျိုကြီးဘဝမှ ယနေ့တိုင် သူသည် မေဒင်မပြုတ်နိုင်သေးပေ။

သူမို့ မိန်းမတစ်ဦးကို ပိုးရန် မချိန်လိုက်နှင့်၊ ချိန်လိုက်သည်နှင့် တစ်ပြိုင်တည်း ထိုမိန်းမပျိုသည် အခြားလူတစ်ဦးနှင့် စွံ၍ သွားတတ်သည်သာပင်။

ထို့ကြောင့် သူ၏ အကြောင်းသိ ရောင်းရင်းများက "ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်"ဟူသော မုတ္တက္ကွ၊ အယ် ဟုတ်ပါဘူး၊ မုတ္တမကုမ္ပဏီ၏ ကြော်ငြာဆန်းကလေးကို ဖျက်၍ "အောင်ဒင်ချိန်သည့် အပျိုတိုင်း လင်ရသွားကြသည်"ဟူ၍သာ သူ့အား ဝိုင်းဝန်းကာ နောက်ကြပြောင်ကြလေသည်။

ထိုအကြောင်းတို့ကြောင့် အောင်ဒင်သည် အိမ်ထောင်မပြုနိုင်သေးဘဲ လူပျိုကြီးဘဝဖြင့် တစ်ကိုယ်တည်း နေထိုင်နေရခြင်း ဖြစ်ပေသည်။

ထိုသို့ ငေါ်မစွံဖြစ်၍ နေသော်လည်း အောင်ဒင်သည် သူ၏ ငေါ်လုပ်ငန်းကို မစွန့်လွှတ်ခဲ့ပေ။ ပြည်တော်သာ စီမံကိန်းဖြင့် လုပ်ငန်းများကို မအောင်မြင်သောကြောင့် လေးနှစ်စီမံကိန်းဟူ၍ အသစ်တစ်ဖန် ပြန်လည်ရေးဆွဲကာ လုပ်ငန်းများကို လုပ်ဆောင်နေရသော ဖဆပလ အစိုးရအဖွဲ့ကြီးကဲ့သို့ အောင်ဒင်မှာလည်း သူ၏ ငေါ်လုပ်ငန်းကို နှစ်ရှည်စီမံကိန်းချ၍ အသစ်တစ်ဖန်

mgyoe.com

mgyoe.com
ပြုပြင်၍ ဂေါ်မြဲ ဂေါ်နေပေသည်။

သူ ယခု ဂေါ်နေသော မိန်းမပျိုကား အခြားရုံးမှ မဟုတ်ပေ။ လွန်ခဲ့သော လမှစ၍ လက်နှိပ်စက်စာရေးမအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်နေသည့် ချိုချိုအမည်ရှိ မြာအနိပ်ကလေး ဖြစ်ပေသည်။ ချိုချိုသည် အသက်အားဖြင့် တစ်ဆယ့်ရှစ်နှစ်ကျော်ခန့်သာ ရှိဦးမည်။

အောင်ဒင်သည် ချိုချိုအား အလုပ် ဝင်ရောက်ခဲ့သော နေ့မှစ၍ အစွမ်းကုန် ဂေါ်နေလေတော့သည်။

. သို့သော် ချိုချိုကမူ အောင်ဒင်အား ဖုတ်လေသည့် ငပိ ရှိသည်ဟုပင် မမှတ်ခဲ့ပေ။ ဒါကလည်း တကယ်ဆိုတော့ မဆန်းပေ။ အဘယ်ကြောင့် ဆိုသော် လက်နှိပ်စက်စာရေးမကလေးက အောင်ဒင်ကဲ့သို့ သူမထက် တစ်ဆင့်မျှသာလျှင်ကြီးပြီး အခအားဖြင့်လည်း ခြောက်ဆယ်သာသာလျှင် ပိုသည့် အထက်တန်းစာရေးကို ဘယ်မှန်းလိမ့်မည်နည်း။ အနည်းဆုံးသူမသည် ရုံးအုပ်လောက်ကိုသာလျှင် မှန်းကြပေမည်။ ဒါကတော့ ပြည်တော်သာ စာရေးမတိုင်း၏ ဆန္ဒပင် ဖြစ်ကြလေသည်။ (ငြင်းချင်ကြသေးလား အမိတို့) သို့သော် သို့သော် ... ကျွန်တော်တို့၏ ဂေါ်ရေးဘုရင် ဗိုလ်အောင်ဒင်မှာမူကား အလျှော့ပေးခြင်းမရှိဘဲ သောက်ရက်နည်းစွာဖြင့် ဂေါ်မြဲ ဂေါ်နေလေသည်။

တစ်နေ့သောအခါ ရုံးဆင်းခါနီး၌ အောင်ဒင်သည် သူငယ်ချင်းဖြစ်သူ ပေါ်တာသန်းထွန်း၏ မြှောက်ပေးချက်အရ ထိုစာရေးမချောကလေး ချိုချို၏ လွယ်အိတ်ထဲသို့ သူမ၏ အလစ်တွင် ချစ်စာလွှာကလေးတစ်စောင်ကို ထည့်၍ ပေးလိုက်သည်။

ထို့ကြောင့် နောက်တစ်နေ့နံနက် ရုံးမတက်မီ အချိန်တွင် အောင်ဒင်အား ချိုချိုက လက်နှစ်ဖက်ကို ခါးထောက်၍ မျက်နှာမှလည်း ပျူစောထီးဗိုလ်ကြီး၏ မျက်နှာပေါက်မျိုးဖြင့် ခပ်ဆတ်ဆတ်ကလေး မေးလိုက်လေသည်။ "ဒီမှာ ရှင် မနေ့က ကျွန်မလွယ်အိတ်ထဲ ဘာထည့်ပေးလိုက်တာလဲ"

ရုတ်တရက် လာ၍ ကောက်ကာငင်ကာ မေးလိုက်သော ချိုချို၏ အမေးကြောင့် ပထမသော် အောင်ဒင်မှာ အနည်းငယ် ထိတ်လန့်သွားမိလေသည်။ သို့သော် နောက်တွင်မူ သူ၏ ဝသီအတိုင်း မျက်နှာကို စပ်ဖြဲဖြဲကြီးထား၍ ....
mgyoe.com

mgyoe.com
"စာ လေဗျာ ... စာ ပေါ့။တကယ်လို့ လဒဖြစ်နေရင်လည်း ရယ်စရာ သောင်းခြောက်ထောင်ဆီ ပို့လိုက်ပေါ့"

အောင်ဒင်သည် ပြောင်ချော်ချော်ဖြင့် နောက်လိုက်လေသည်။

"ရှင် အခုမှ ပြောင်ချော်ချော်နဲ့ ရယ်စရာ လုပ်မနေနဲ့။ ကျွန်မက အတည်မေးနေတာ"

အောင်ဒင် မည်မျှပင် ပြောင်ချော်ချော် လုပ်နေသော်လည်း စာရေးမ ကလေး ချိုချိုကမူ ခပ်တည်တည်ဖြင့် မျက်နှာကို ထားကာ ပြောလိုက်လေ သည်။

"ဗျာ ... ကျွန်တော်ကလည်း အတည်ပြောနေတာပဲ။ ရယ်စရာ လုပ် တယ်လို့ ခင်ဗျားက ပြောရအောင် ကျွန်တော်ဟာ လူရွှင်တော် ဖိုးပါကြီးမှ မဟုတ်ပဲဗျ"

အောင်ဒင်ကလည်း အလျှော့မပေးဘဲ ပြောင်ချော်ချော် လုပ်မြဲ လုပ်နေ လေသည်။

"ရှင်ဟာ ပြောလေ ကဲလေ ဖြစ်နေပြီ ... လူကို ကြည့်ပြီး စကားပြော ပါရှင်"

"နို့ ... ကျွန်တော်ကကော မျက်စိစုံမှိတ်ပြီး ပြောနေလို့လားဗျ။ အထူး သဖြင့် ခင်ဗျားလို မိန်းမချောကလေးနဲ့ စကားပြောနေရရင် ပိုပြီးတော့တောင် ဂရုစိုက်ပြီး ကြည့်မိသေးတယ်၊ အဟီး ...။

"ဒီမှာရှင့် ၊ ရှင့်ကို ကျွန်မက လူလို သူလို မေးနေတာကို ရှင်က ပမာမခန့်နဲ့ လုပ်မနေပါနဲ့ ...။ ကျွန်မကို ဘယ်လို မိန်းမစားမျိုးထဲက မှတ်နေ လို့လဲ"

ချိုချိုသည် အောင်ဒင်၏ ပြက်ချော်ချော် စကားကြောင့် ပိုမို၍ ဒေါသ ဖြစ်လာကာ တစ်ကိုယ်လုံး အသားများပင် ဆတ်ဆတ်တုန် နေလေသည်။

"ခင်ဗျားကိုလား အဲ ... အဲနေပါဦး ... မိန်းမ အပြားလေးပါးထဲမှာ ဆိုရင် ခင်ဗျားဟာ နံပါတ်ဝမ်းဖတ်(စ်) ကလပ်... ပဒုမ္မနီ အစားထဲက ဖြစ် မှာပေါ့၊ ဟုတ်တယ် မဟုတ်လား ..."

အောင်ဒင်သည် ချိုချိုက သူ့အား စိတ်ဆိုးနေသည်ကို တွေ့ရလေ သဘောကျလေဖြစ်နေသဖြင့် စိတ်ပို၍ မဆိုးလျှင် ဆိုးအောင် နောက်နေလေ သည်။
mgyoe.com

mgyoe.com

"ဒီမှာ ... ရှင်ဟာ ယောကျ်ားမို့လား ဟင်"

"အေးလေဗျာ ... ယောကျ်ားမို့ ပုဆိုးဝတ်ထားတာပေါ့။ နေပါဦး... ဒီကနေ့ ကျုပ် ဝတ်လာတဲ့ ပုဆိုးဟာ ထဘီဆင်ကြီးများ ဖြစ်နေရော့လား"

အောင်ဒင်သည် ပြောပြောဆိုဆိုနှင့် သူ၏ ပုဆိုးကို ငုံ့၍ ဟိုကြည့် ဒီကြည့်နှင့် ဖိုးပါကြီးစတိုင်မျိုး လုပ်နေလေသည်။

"ရှင်ဟာ ယောကျ်ားဆိုရင် ယောကျ်ားပ်ပီ ကိုယ့်အပြစ်ကိုယ် ဝန်ခံရဲရမယ် သိလား .။.. ခုတော့ ရှင်ဟာ ယောကျ်ားမဟုတ်သလိုပဲ ပြက်ချော်ချော်လုပ်နေလို့ ပြောတာရှင့် ..."

"သြော် ... ဒီလိုလား ... ဟုတ်တယ်၊ ခင်ဗျားလွယ်အိတ်ထဲမှာ ကျွန်တော်ဟာ မနေ့က စာ ထည့်မိတယ်။ အဲဒီလို ထည့်မိရတဲ့ အကြောင်းရင်းကတော့ ယောကျ်ားပီပီ ဝန်ခံရမယ်ဆိုရင် ခင်ဗျားကို ချစ်လို့၊ ကြိုက်လို့၊ စုံမက်လို့၊ မြတ်နိုးလို့ပဲဗျ သိရဲ့လား ..."

အောင်ဒင်၏ စကားအဆုံးတွင် ချိုချိုသည် ထွီခနဲ တံတွေး ထွေးကာ ချာခနဲ လှည့်ထွက်သွားလေသည်။

အောင်ဒင်သည် ဆောင့်ကြီး အောင့်ကြီးဖြင့် သူ၏ အပါးမှ လှည့်ထွက်သွားသည့် ချိုချိုအား နောက်မှနေ၍ သဘောကျစွာ ကြည့်လိုက်ပြီးနောက် "ဒီ သူငယ်မ အရွယ်လှတော့ တယ် မာနကြီးတယ်နော်" ဟူ၍ မြကြီး သီဆိုလေ့ရှိသော တေးသီချင်းကို ချိုချိုကြားအောင် သံနေသံထားဖြင့် အကျယ်ကြီး အော်ကာ သီဆိုလိုက်လေသတည်း။

*

ထိုနေ့မှ စ၍ ချိုချိုသည် အောင်ဒင်အား မြင်တွေ့တိုင်း နှုတ်ခမ်းကြီးကို ဝက်ဖင်ကဲ့သို့ စူ၍သာ ထားလေသည်။

တစ်နေ့ ညနေ ရုံးဆင်းခါနီးတွင် မိုးသည် တစ်နေ့လုံး နေသာခဲ့ရာမှ ဗြုံးခနဲ သဲမဲစွာဖြင့် ရွာချလိုက်လေသည်။ ထို့ကြောင့် နံနက်ပိုင်း မိုးလေဝသကို ကြည့်၍ ထီးကို မယူဆောင်ခဲ့မိကြသော စာရေးများနှင့် စာရေးမတို့မှာ အကြီးအကျယ် ချောက်ကျနေတော့၏။ ထိုအထဲတွင် ချိုချိုလည်း ပါခဲ့လေသည်။

အောင်ဒင်သည် ရုံးဆင်း၍ ဆယ်မိနစ်ခန့်ကြာမှ သူ၏ ထီးကို ကိုင်၍

mgyoe.com

mgyoe.com
ရုံးအောက်သို့ ဆင်းခဲ့လေသည်။

အောက်သို့ရောက်လျှင် ရုံးလှေကားရင်း၌ တစ်ကိုယ်တည်း မိုးကို ကြည့်၍ စိတ်ပျက်စွာဖြင့် ရပ်နေသော ချိုချိုကို သူသည် တွေ့မြင်လိုက်ရလျှင် "ဩော် ... ထီးပါမလာလို့ မပြန်နိုင်သေးဘူး ထင်တယ် ..."

အောင်ဒင်သည် ဤအကြိမ်တွင်တော့ ပြောင်ချော်ချော် မလုပ်တော့ပေ။ သူ၏ တစ်သက်တွင် ပထမဆုံးအကြိမ် မျက်နှာကို တည်နိုင်သမျှ တည် အောင်ထားကာ မေးလိုက်လေသည်။

သို့သော် မအေမွေးကတည်းက မျက်နှာပိုးမသေခဲ့သော သူ၏ မျက်နှာကို ထိုသို့ တည်အောင်ထားလိုက်ကာမှ ချိုချိုအား တမင်ပြောင်ပြသလို ဖြစ်နေလေတော့သည်။

"ရှင် လူကိုလာပြီး နောက်မနေနဲ့နော် ... ဒါပဲ"

ချိုချိုသည် အောင်ဒင်လာ၍ နောက်ပြောင်နေသည် မှတ်သဖြင့် ခပ်ဆတ်ဆတ်ကလေး ပြန်ပြောလိုက်လေသည်။

"မိုးကြိုးပစ်ရပါစေရဲ့ဗျာ ... ကျွန်တော် ခင်ဗျားကို နောက်နေတာ မဟုတ်ပါဘူး။ အကူအညီ ပေးချင်လို့ မေးနေတာပါ"

အောင်ဒင်က ဖြေရှင်းလိုက်လေသည်။

"အို ... မလိုချင်ဘူး။ ရှင့်ဆီက အကူအညီဆိုရင် ဘာအကူအညီမှ မလိုချင်ဘူး။ ရှင့်ဟာရှင် ပြန်မှာသာ ပြန်ပါ"

"ဒီလောက်တောင်လည်း ကျွန်တော့်ကို မုန်းမနေပါနဲ့ မချိုချိုရယ်... ဟိုနေ့တုန်းက ခင်ဗျားကို ကျွန်တော် နောက်ခဲ့ ပြောင်ခဲ့တာတွေကို တောင်းပန်ပါတယ်ဗျာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါနော် ..."

အောင်ဒင်သည် သနားစဖွယ် မျက်နှာငယ်ကလေးဖြင့် လုပ်ကာ ချိုချိုအား တောင်းပန်နေလေသည်။ သို့သော် သူ၏ သနားစဖွယ် လုပ်၍ထားသော မျက်နှာကို ကြည့်ရသည်မှာ ပွဲထဲက လူပြက်က ပရိသတ်ကြီးကို လွမ်းပြ၍ နေသောအခါ ပွဲကြည့်ပရိသတ်ကြီးမှာ လူပြက်၏ လွမ်းနေပုံကို သနားရမည့်အစား တဝါးဝါးနှင့် ပွဲကျကာ ရယ်မောနေကြရသလို ယခု အောင်ဒင်၏ မျက်နှာမှာလည်း မြင်ရသူ ချိုချိုအဖို့ သနားရမည့်အစား ရယ်စရာကြီးဖြစ်ကာ နေတော့၏။

ထို့ကြောင့် အင်မတန်မှ မျက်နှာထားတင်းမာလှသော ချိုချိုသည်ပင်
mgyoe.com

mgyoe.com

မောင်အောင်ဒင်၏ မျက်နှာကို မြင်ရသောအခါတွင် မရယ်မိအောင် အတော်ပင် ဣန္ဒြေလုပ်ကာ ထားလိုက်ရလေသည်။

"ဘုန်းကြီး ခေါင်းခေါက်ပြီးမှ ကန်တော့ဆိုတာနဲ့ ကျေရတော့မှာလားရှင်"

"ဟာ ... ဟိုဟာက ဘုန်းကြီးပဲ၊ ခင်ဗျားက ဘုန်းကြီးမှ မဟုတ်တာ၊ ကျေလိုက်ပါဗျာ၊ လက်ဘိုင် ဝွန်းဘီဘိုင်ဝွန်းလို့ သဘောထားလိုက်စမ်းပါ"

"အို ... မထားနိုင်ဘူး ... မထားနိုင်ဘူး၊ ရှင့်ကို ကျွန်မ ဒီတစ်သက် မကျေဘူး မှတ်ပါ။ ကဲ ... ဆက်ပြီး လျှာရှည်မနေနဲ့တော့ ကြွမှာသာ ကြွပေတော့"

"မဟုတ်သေးပါဘူး မချိုချိုရယ် ... ဒီတစ်ခါတော့ ကျွန်တော့် စေတနာကို ယုံစမ်းပါ။ ကျွန်တော် ခင်ဗျားကို ညီမလေးအရင်းလို သဘောထားပြီး အကူအညီပေးချင်လို့ပါ"

အောင်ဒင်သည် မည်မျှပင် ချိုချို ငြင်းဆန်၍နေသော်လည်း ဇွတ်ပင် ပြောကာနေလေသည်။

"ရှင့်ဆီက အကူအညီဆိုရင် ဘာမှ မယူဘူးလို့ ကျွန်မ ဘယ်နှခါ ပြောရမလဲ"

"ခင်ဗျားကလည်း ဇွတ်ချည့်ပါပဲ ... ခင်ဗျား ဒီလို ခေါင်းမာပြီး မိုး အတိတ်ကို ရပ်စောင့်နေရင် ... အိမ်ပြန် မိုးချုပ်နေမှာပေါ့ဗျာ"

"ချုပ် ချုပ် ရှင် ... ရှင့် အပူတစ်ပြားသား မရှိဘူး ... ကျွန်မဘာသာ ကျွန်မ မိုးချုပ်ရုံမကလို့ နောက်တစ်နေ့ မနက် မိုးလင်းအထိပဲ စောင့်ရ စောင့်ရ ... စောင့်နေမှာပဲ။ ရှင်နဲ့တော့ တွဲပြီး မိုးရေထဲမှာ ထီးဆောင်း မပြန်ချင်ဘူး...။ ရှင်က ကျွန်မကို အကူအညီပေးချင်တာထက် ကျွန်မနဲ့ နှစ်ယောက်တည်း တွဲပြီး သွားရတာကို အရသာခံချင်လို့ မဟုတ်လား... ဟင်း... ဒီက ရှင့်ဉာဏ်တွေ နောကျေပြီးသားရှင့်၊ နောကျေပြီးသား၊ ဒါမျိုးတွေနဲ့ လာလိုမ့်လို့ မရဘူး မှတ်လိုက်ပါ"

ချိုချို၏ စကားကြောင့် အောင်ဒင်မှာ စအိုကို လှံဖြင့် အထိုးခံလိုက်ရသလို တွန့်ခနဲ ဖြစ်သွားပြီးလျှင် ...

"အာ ... အာ ... ဒီလို သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူးဗျာ ... ကျွန်တော်က သဘောရိုးနဲ့ ပြောနေတာပါ။ ပြီးတော့ ကျွန်တော်နဲ့လည်း

mgyoe.com

mgyoe.com
တွဲပြီး ထီးဆောင်းဖို့ မလိုပါဘူး။ ခင်ဗျားဘာသာ တစ်ယောက်တည်းသာ ဆောင်းသွားပါ"ဟူ၍ ပျာယီးပျာယာ ပြန်ဖြေရှင်းလိုက်လေသည်။

သို့သော် ချိုချိုကမူ အောင်ဒင်၏ စကားကို ဆက်လက်၍ နားထောင်မနေတော့ဘဲ ... မိုးရေထဲသို့ ဖွတ်ပင်ထွက်ကာ ဆင်းသွားလေတော့၏။ ထို့ကြောင့် အောင်ဒင်မှာ သူ၏ ထီးကိုဖွင့်၍ ချိုချိုအား မိုးမစိုရန် အပြေးအလွှားနောက်မှလိုက်ကာ မိုးပေးနေရတော့၏။

"အို ... အို ... မချိုချို ... ဒီလို မိုးရေကြီးထဲမှာ ထီးမပါ ဘာမပါနဲ့ ပြန်လို့ ဘယ်ဖြစ်မလဲဗျာ ... တော်ကြာ တုပ်ကွေးတွေ ဘာတွေ ဖြစ်နေရင် မခက်ပါလား။ ရော့ပါဗျာ ... ယူသွားစမ်းပါ... ကျွန်တော့် ထီးကို ..."

အောင်ဒင်သည် အတင်းပင်လိုက်၍ ချိုချိုအား ထီးကို လိုက်ပေးနေလေသည်။

"မလိုချင်ပါဘူးလို့ ဆိုနေမှပဲ ... ရှင့်ဟာ ရှင်သာ ဆောင်းပြီး ပြန်ပေတော့"

ချိုချိုသည် ဖွတ်ပင် ငြင်းဆန်ကာ အောင်ဒင်က မိုးမစိုစေရန် မိုးပေးနေသော ထီးအောက်မှ အလွတ်ရုန်းကာ ပြေးလေသည်။ အောင်ဒင်က စိတ်မလျှော့ဘဲ ချိုချိုပြေးရာသို့ နောက်မှလိုက်ကာ မလွတ်တမ်း ထီးကို မိုးပေးနေ၏။ ထို့ကြောင့် သူတို့နှစ်ဦး ကြည့်ရသည်မှာ ရှင်လောင်းလှည့်နေသလိုလို ... မိုးရေထဲတွင် စိန်ပြေးတမ်း ကစားနေသလိုလိုနှင့် ဖြစ်ကာ အခြားမြင်ရသူတို့အဖို့ ရယ်စရာကြီး ဖြစ်နေလေတော့သည်။

"ဒီမှာ မချိုချို ... ရှိခိုးပါရဲ့ဗျာ ... ကျွန်တော့်ထီးကို ယူသွားစမ်းပါ၊ တော်ကြာ ခင်ဗျား ဖျားနာနေမှာစိုးလို့ ကျွန်တော်က စေတနာနဲ့ ပြောတာပါ ... ယုံပါဗျာ ... ယုံပါ... အောင်မယ်လေးဗျ"

ဤနောက်ဆုံးစကားမှာ အောင်ဒင် ဘိုင်းခနဲ ချော်လဲကျသွားသဖြင့် အောင်ဒင်၏ နှုတ်မှ အလန့်တကြား ထွက်ပေါ်လာသော အာမေဋိတ်စကားပင် ဖြစ်ပါသည်။

ဖြစ်ရပုံမှာ ... အောင်ဒင်သည် ချိုချိုအား နောက်မှ အပြေးကလေးလိုက်၍ ထီးကို မိုးပေးနေစဉ် လမ်းပေါ်၌ စည်းကမ်းမဲ့စွာဖြင့် လွှင့်ပစ်ထားသော သရက်ခွံကို နင်းမိပြီး ချော်လဲသွားခြင်းပင် ဖြစ်ပေသည်။

အောင်ဒင်မှာ ခြေထောက်နှစ်ချောင်း မိုးပေါ်သို့ ထောင်ကာ တော်

mgyoe.com

mgyoe.com

တော်နှင့်မထနိုင်ဘဲ ဖြစ်နေလေသည်။ သူကိုင်ထားသော ထီးမှာလည်း အဝေးသို့ ခြောက်ပေခန့် လွင့်ထွက်ကာ သွားလေသည်။ ချိုချိုမှာလည်း ဤအကြိမ်တွင် ဣန္ဒြေကို လုံး၀ မဆယ်ထားနိုင်တော့ဘဲ အောင်ဒင်၏ ဖြစ်ပျက်ပုံကို တခစ်ခစ်ဖြင့် ကြည့်ကာ ရယ်မောနေလေတော့၏။

ချိုချိုက သူ၏ ဖြစ်ပျက်ပုံကို အူလှိုက်သည်းလှိုက် ရယ်မောကာ နေသော်လည်း အောင်ဒင်မှာမူ စိတ်မဆိုးနိုင်ဘဲ လဲကျနေရာမှ အားယူ၍ ထလိုက်ပြီးနောက် လွင့်သွားသော ထီးကို လိုက်ကောက်နေလေသည်။ ပြီးလျှင် ချိုချိုထံသို့ ထော့နင်း ထော့နင်းနှင့် လျှောက်သွားပြီးနောက် ... "ကဲ... ရော့ပါ မချိုချိုရယ် ... ကျွန်တော့်ကို ဒီလောက် နှိပ်စက်ရရင် ကျေနပ်ပါတော့ဗျာ" ဟူ၍ ပြောကာ ထီးကို ပေးလိုက်လေသည်။

ဤအကြိမ်တွင်မူ ချိုချိုသည် ငြင်းဆန်၍ မနေတော့ဘဲ ... အောင်ဒင်ပေးသော ထီးကို ယူ၍ ထွက်ခွာသွားလေသည်။

ချိုချိုက မငြင်းဆန်တော့ဘဲ သူပေးသည့် ထီးကို ယူသွားသည့်အတွက် အောင်ဒင်သည် အလွန်ပင် ကျေနပ်ဝမ်းမြောက်ခြင်းဖြစ်ကာ သူခံစားလိုက်ရသော ဝေဒနာတွေပင် တစ်မုဟုတ်ချင်း ပျောက်ကင်းသွားသည်ဟု ထင်မှတ်လိုက်မိသည်။

အောင်ဒင်သည် ရွှံ့အလူးလူး ဖုတ်အလူးလူး ဖြစ်နေသော သူ၏ အဝတ်အစားများကို မပြုပြင်နိုင်သေးဘဲ မိုးရေထဲတွင် လက်နှစ်ဖက်ကို ခါးထောက်၍ အေးဆေးစွာ ရပ်ရင်း ချိုချိုအား ကျေနပ်စွာ နောက်မှနေ၍ ကြည့်နေလေသည်။

*

"အောင်ဒင်ကြီးတော့ မနေ့က မိုးမိလို့ တုပ်ကွေးဖြစ်နေပြီဟေ့"

နောက်တစ်နေ့ ရုံးအတက်တွင် ပေါ်တာ သန်းထွန်းကြီးသည် သူ၏ ဝသီအတိုင်း ဟောင်ဖွာ ဟောင်ဖွာနှင့် ချိုချို ကြားအောင် ပြောရင်း ရုံးခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ချိုချိုသည် ထိုစကားသံကြောင့် ရင်ထဲတွင် 'ဒိုင်း' ခနဲ (သေနတ်ပစ်သံ မဟုတ်ပါ၊ ရင်ခုန်သံ ဖြစ်ပါသည်) ဖြစ်၍ သွားမိပြီးနောက် အောင်ဒင်အတွက် အနည်းငယ် စိတ်မကောင်း ဖြစ်သွားမိလေသည်။

mgyoe.com

mgyoe.com

ချိုချိုသည် ယခုကဲ့သို့ အောင်ဒင်တစ်ယောက် တုပ်ကွေးဖြစ်ရသည်မှာ မနေ့ညနေက သူမအတွက် မိုးရေ အမိခံလိုက်ရ၍သာ ဖြစ်မည်ဟု တထစ်ချ တွေးလိုက်မိလေသည်။

ထိုသို့ တွေးပြီးနောက် ချိုချိုသည် အောင်ဒင်အား သနား၍ သွားမိလေသည်။ ထို့နောက် သူမသည် အောင်ဒင်၏ မနေ့ညနေ ထီးကို လိုက်ပေးစဉ်က မျက်နှာကလေးကို တရေးရေးဖြင့် ပြန်လည်၍ မြင်ယောင်နေလေသည်။ ယခင်က ဆိုလျှင် အောင်ဒင်၏ မျက်နှာသည် သူမအဖို့ မသတီစရာ တွေ ဖြစ်၍နေသော်လည်း ယခုမူ ချစ်ချင်စရာ ဖြစ်ပေါ်လာလေသည်။

"ဟယ် ... ငါ့စိတ်တွေ ဘာဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ ငါဟာ သူ့ကို သတိရနေရတာလဲ။ မရဘူး ... မရဘူး ... မေ့ပစ်လိုက်မယ် ..."

ချိုချိုသည် ထိုသို့ စိတ်ထဲမှ တစ်ကိုယ်တည်း ပြောပြီးနောက် အောင်ဒင်အား မေ့ပစ်ရန် ကြိုးစားနေလေသည်။ သို့သော် ထိုကဲ့သို့ မေ့ပစ်ရန် ကြိုးစားကာမှ ပိုမို၍ အောင်ဒင်အား သတိရမိနေလေသည်။

"ငါ ညနေကို သူ့အိမ်သွားပြီး မေးဦးမှ ထင်တယ်။ နို့မို့ရင် ငါဟာ သိပ်ပြီး ရိုင်းစိုင်းရာ ကျနေမှာပဲ။ မနေ့က သူချော်လဲတုန်းကလည်း ငါ သွားပြီး အားရပါးရ ရယ်နေမိတယ်။ ပြီးတော့ သူ့ကို ဘယ်နာသွားလဲလို့တောင် ငါ မမေးဘဲ ထွက်လာခဲ့တယ်။ အခုလည်း ငါဟာ သွားပြီး မမေးရင် ငါ့လောက် ရိုင်းစိုင်း ကျေးဇူး မသိတတ်တဲ့လူ ဒီကမ္ဘာမှာ ရှိတော့မယ် မထင်ဘူး"

ချိုချိုသည် အလုပ်ထဲတွင် စိတ်မဝင်စားနိုင်ဘဲ သူမ တစ်ကိုယ်တည်း အောင်ဒင်၏ အကြောင်းကို အနုလုံပဋိလုံ တွေးပြီးနေလေသည်။ နောက်ဆုံးတွင်တော့ သူမသည် အောင်ဒင်၏ထံသို့ ညနေ ရုံးအဆင်းတွင် သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ညနေ ရုံးအဆင်းတွင် ချိုချိုသည် အောင်ဒင်၏ အိမ်သို့ ပေါ်တာ သန်းထွန်းကြီးအား မေး၍ သွားခဲ့လေသည်။

ချိုချိုတစ်ယောက် သူ၏ထံသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသော အောင်ဒင်အဖို့ ဝန်ကြီးချုပ်ဦးနုက သင်ပုန်းချေ ငြိမ်းချမ်းရေးမှုကို ခြွင်းချက်မရှိ သဘောတူလိုက်ပြီဟူသော သတင်းထက်ပင် မယုံကြည်နိုင်လောက်အောင် ထူးဆန်းအံ့ဩဖွယ် ဖြစ်နေလေသည်။

mgyoe.com

mgyoe.com


"ကိုအောင်ဒင် ... တုပ်ကွေး ဖြစ်နေလို့ဆို၊ အခု တော်တော် သက်သာသွားပလား ဟင် ..."

ချိုချိုသည် အောင်ဒင်၏ ခုတင်ဘေးတွင်ရှိ ကြိမ်ကုလားထိုင်ပေါ်၌ ဝင်ထိုင်ရင်း မေးလိုက်လေသည်။

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ ... သက်သာသွားပါပြီ ..."

နှုတ်လျှာ သွက်လက်လှသော အောင်ဒင်သည် ယခုအချိန်တွင်မူ သူ၏ လျှာကို အနုမြူဗုံးကြီး ဆွဲထားခြင်းခံရသလို လေးလံ၍ နေလေတော့သည်။ ယခုကဲ့သို့ ချိုချိုတည်းဟူသော ယမင်းကညာကလေး၏ အရေးတယူ သတင်းလာမေးခြင်းကို ခံလိုက်ရသော အောင်ဒင်သည် ဝန်ကြီးရာထူးကို ရရှိသွားသည့် ဖဆပလ အမတ်ထက်ပင် ပိုမို၍ ဝမ်းမြောက် ကြည်နူးနေမိလေသည်။

"ကိုအောင်ဒင် ... ကျွန်မကို စိတ်ဆိုးနေသလားဟင် ..."

"အာ ... မဆိုးပါဘူး။ ကျွန်တော်ဟာ မချိုချိုကို ဒီဘဝ မပြောနဲ့ ဟိုဘဝ ရောက်တောင် စိတ်မဆိုးဘူး၊ ခင်မြဲ ခင်၊ ချစ်မြဲ ချစ်နေမှာပဲ ..."

အောင်ဒင်သည် ချိုချို၏ အမေးကို စိတ်ရောကိုယ်ရော ထိုသို့ ပြန်ပြောလိုက်ပြီးနောက် သူ၏ စကားမှာ အနှောင့်အသွား မလွတ်ဖြစ်သွားသည်ကို သတိထားရမိလေသည်။ ထို့ကြောင့် သူသည် "ဟယ် ... ငါ့စကားတွေ လွန်သွားပြီ ထင်တယ်၊ ချိုချိုများ စိတ်ဆိုးသွားဦးမှာလား ..." ဟူ၍ သူသည် ထိတ်လန့်စွာဖြင့် ချိုချို၏ မျက်နှာကို ကြည့်လိုက်လေသည်။ သို့သော် ချိုချိုသည် သူ့အား ယခင်ကကဲ့သို့ စိတ်ဆိုးဟန် မပေါ်ပေ။ သူ၏ စကားကြောင့် အနည်းငယ် ရှက်သွားဟန်ဖြင့် မျက်နှာကို အောက်ချကာ ထားသည်ကို မြင်ရမှ အောင်ဒင်မှာ ရင်ထဲတွင် သက်သာရာ ရသွားလေသည်။ အားလည်း တက်သွားမိလေသည်။

ထိုအချိန်၌ အောင်ဒင်၏ အိမ်တွင် အောင်ဒင်နှင့် အိမ်ဖော် ဆယ့်သုံးနှစ်ရွယ် ကောင်လေးတစ်ယောက်မှ လွဲ၍ မည်သူမျှ မရှိကြပေ။ အောင်ဒင်၏ ဦးလေးမှာ ရုံးမှ ပြန်မလာခဲ့သေး။ အဒေါ်ဖြစ်သူမှာလည်း ဈေးဝယ် ထွက်သွားလေသည်။

ထို့ကြောင့် အောင်ဒင်အတွက် ချိုချိုအား ချစ်ရေးဆိုရန် အခွင့်သာ၍ နေလေသည်။ "ငါ သူ့ကို ဒီအချိန်မှာ ချစ်စကား ကြိုက်စကားပြောလို့ သင့်

mgyoe.com

mgyoe.com
တော်ပါ့မလား ငါ့ကိုများ စိတ်ဆိုးသွားမှာလား" အောင်ဒင်သည် ချိုချိုအား ချစ်ကြိုက်စကားပြောရန် ကြံစည်ပြီးနောက် အထက်ပါအတိုင်း တွေးလိုက်လေသည်။

"ဟယ် ... ဒီလို အခွင့်အခါမျိုး ကြုံခဲလေခြင်းပဲ၊ သူ စိတ်ဆိုးလည်း ဆိုးပေါ့။ ဘယ် တတ်နိုင်မလဲ" ဟူ၍ တွေးကာ ဆုံးဖြတ်လိုက်ပြီးနောက် အောင်ဒင်သည် ချိုချိုအား စူးစိုက်စွာ ကြည့်လိုက်ပြီးလျှင်...

"ချို" ဟူ၍ တစ်လုံးတည်း ခေါ်လိုက်လေသည်။ အောင်ဒင်၏ ခေါ်သံကြောင့် ချိုချိုသည် ဖျတ်ခနဲ လန့်ကာ သွားပြီးနောက် အောင်ဒင်အား ငေးမောကာ ကြည့်ရှုနေလေသည်။

"တစ်ခါတုန်းက ချို့ကို ပေးခဲ့တဲ့ ကိုအောင်ဒင်ရဲ့ ချစ်စာလွှာကလေးနဲ့ ပတ်သက်ပြီးတော့ ချို့ရဲ့ သဘောထားကို မသိရဘူးလား ဟင်"

အောင်ဒင်သည် ရုပ်ရှင်မင်းသား၏ လေသံဖြင့် တစ်လုံးချင်း ချိုချိုအား ပြောကာ မေးလိုက်လေသည်။

ချိုချိုကမူ မည်သို့မျှ ပြန်မပြောသေးပေ။

"ပြောစမ်းပါ ချိုရယ် ... ကိုအောင်ဒင့်ကို ပြောစမ်းပါ ... ချစ်ရင် ချစ်တယ်၊ မုန်းရင် မုန်းတယ်ပေါ့။ တအုံတနွေးကြီး လုပ်မထားစမ်းပါနဲ့ အချစ်ရယ်၊ အဖြေမှန်ကို အမြန်ဆုံးသိရအောင် ပြောသွားစမ်းပါ ကိုအောင် ဝမ်းသာချင်လွန်းလို့ပါ၊ ချစ်တယ် မဟုတ်လားလို့"

အလို့ ကျွန်တော်တို့၏ ဂေါ်မစွဲ ဇာတ်လိုက်ကြီး ဖိုးအောင်ဒင်သည် ဤတစ်ချီတော့ အစွမ်းကုန် အရမ်းပစ်ကာ ကြံနေလေတော့၏။

(တောက် ရေးရင်း ... ရေးရင်း ... အားကျပြီး သွားရေတွေတောင် ကျမိတယ်ဗျာ ....)

"အို ... ကိုအောင်ဒင်ကလည်း လူမမာလာမေးတဲ့ လူကို ဘယ်နှယ့်လာပြီး လူပျိုစကား ပြောနေတာလဲလို့ ဒီစကားဟာ ကျန်းမာမှ ပြောပေါ့ရှင်"

"အောင်မယ်လေး ... ကျန်းမာအောင် စောင့်ပြီး မနေနိုင်လို့ မေးတာပေါ့ ချိုရဲ့ ... ပြောစမ်းပါဗျာ ... ကိုအောင်ဒင် မသေခင် ကြားသွားစမ်းပါရစေ"

ဘယ်တုန်းကမှ မစွံခဲ့သော အောင်ဒင်ကြီးမှာ ယခုအခါတွင် အရမ်းပစ်ကာ ချဲကာ သဲနေလေတော့သည်။
mgyoe.com

mgyoe.com

"အောင်မလေးဟဲ့ ကိုတရော်ရယ် ... ချွဲလှချည်လား၊ ရှင့်ရောဂါဟာလည်း မသေနိုင်ပါဘူးရှင် ... ဒီလောက်တောင် သဲမနေစမ်းပါနဲ့"

"အာ ... မသေနိုင်ဘူးလို့ ပြောနိုင်မလား ချိုရဲ့ ... မနီလာတို့ ဘယ်တို့မှာတောင် တုပ်ကွေးကြောင့် လူတွေ ဘယ်လောက် သေတယ် မှတ်သလဲ"

"ရှင့် တုပ်ကွေးက ရန်ကုန်တုပ်ကွေးပဲ။ မနီလာ တုပ်ကွေးမှ မဟုတ်တာ၊ မသေနိုင်ပါဘူး။ စိတ်ချပါရှင်"

"ဟင့်အင်းဗျာ ... သေ သေ မသေ သေ ... အခုချက်ချင်း သိချင်တယ် ပြောပါ ချိုရယ် ... ပြောစမ်းပါ"

အောင်ဒင်သည် ထိုသို့ပြောပြီးနောက် အိပ်နေရာမှ ထထိုင်လိုက်လေသည်။

"ကိုင်း ပါရှင် ... ဒီလောက်တောင် သေမင်းငင်နေရင်လည်း ပြောရတာပေါ့။ ချို့မှာ ဖအေတစ်ခု သမီးတစ်ခုမို့ ချို့အနေနဲ့ ရှင့်ကို ဘယ်လောက်ပဲ ချစ်ချစ်၊ ဖေဖေ သဘောတူမှ ဖြစ်မှာမို့ ကိုအောင်ဒင်ဟာ ပထမဆုံး ဖေဖေရဲ့ သဘောတူချက်ကို ယူရလိမ့်မယ် သိလား ..."

ချိုချိုသည် ပြုံးရွှင်သော မျက်နှာဖြင့် အောင်ဒင်အား ရှင်းကာ ပြောပြလိုက်လေသည်။

"အို ... ဒီလိုလား၊ စိန်လိုက်ပေါ့ ချိုရယ် ... စိန်လိုက်ပါ။ ယောက္ခမကြီး သဘောတူအောင် ကိုအောင်ဒင် ကြိုးစားပြမယ်။ နောက်ကျတော့သာ ချိုက ကြေးမများနဲ့နော်"

အောင်ဒင်သည် ဝမ်းမြောက်လွန်းသဖြင့် အသံတွေပင် တုန်၍ နေလေသည်။

"ဖေဖေ သဘောတူတဲ့နောက်တော့ ချိုက ဘာများ ငြင်းနေတော့မှာလဲ ကိုအောင်ရယ်၊ ခုကတည်းက ကိုအောင်ဒင့် မေတ္တာကို လက်ခံလိုက်ပြီပဲဟာ ... အဲ ... ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော် ... ဖေဖေကသာ ကိုအောင်ဒင်ကို သဘောမကျနိုင်ဘူးဆိုရင် ချိုဟာလည်း အခုထားရှိခဲ့တဲ့ မေတ္တာကို ပြန်ပြီး ရုပ်သိမ်းရမှာပဲ"

"ကောင်းပြီလေ ... ဒါထက် ချို့ဖေဖေနဲ့ ဘယ်နေ့မှာ တွေ့ရမှာလဲ ဟင်"

"ဒါတော့ ကိုအောင်ဒင် နေကောင်းပြီး ကျန်းမာလာတဲ့အခါကျတော့

mgyoe.com

ချို ပြောပြပါ့မယ်။ ကဲ ... မိုးလည်း ချုပ်တော့မှာမို့ ချို ပြန်တော့မယ်"

ချိုချိုသည် ပြောပြောဆိုဆိုဖြင့် နေရာမှ ထရပ်လိုက်လေသည်။ ထို့ကြောင့် အောင်ဒင်လည်း ခုတင်ပေါ်မှ ဆင်းကာ ချိုချိုအား တံခါးဝအထိ လိုက်ပို့ခဲ့ပြီး နောက် အူအမြူးကြီး မြူးကာ နေလေသည်။

*

ရက်သတ္တပတ် နှစ်ပတ်ခန့် ကြာခဲ့လေပြီ။ တစ်နေ့သော တနင်္ဂနွေနေ့ နေ့လယ်ပိုင်းတွင် ချိုချိုသည် အောင်ဒင်အား သူမ၏ ဖခင်နှင့် တွေ့ဆုံရန် အတွက် ချိန်းဆိုလိုက်လေသည်။

ထို့ကြောင့် အောင်ဒင်သည် ချိုချိုတို့ သားအဖ (စကားရှိလို့သာ ရေးလိုက်ရတယ်၊ အမှန်ကတော့ သမီးအဖလို့ ရေးရင် ပိုမှန်မယ်ဗျ) နေထိုင်ရာ အိမ်ဂေဟာသို့ ရောက်ရှိလာလေသည်။

ချိုချိုသည် အောင်ဒင်အား တံခါးဝမှ ဆီးကြို၍ အိမ်တွင်းသို့ ခေါ်ဆောင်သွားလေသည်။ အိမ်ခန်းတွင်းသို့ ရောက်လျှင် အောင်ဒင်အား ကုလားထိုင်တစ်ခုပေါ်တွင် အထိုင်ခိုင်းလိုက်လေသည်။

"ဖေဖေနဲ့မတွေ့ခင် ဖေဖေဟာ ဘယ်လိုလူစားမျိုးဆိုတာကို ကိုအောင်ဒင် ပထမ သိထားဖို့ လိုလိမ့်မယ်။ ဒါမှ ဖေဖေနဲ့ ဆက်ဆံတဲ့အခါမှာ ကိုအောင်ဒင်အဖို့ ချောမောပြေပြစ်နိုင်မယ်"

ချိုချိုသည် ဤသို့ နိဒါန်းစကားကို ပျိုး၍ အောင်ဒင်အား ပြောကြားလိုက်လေသည်။ ထို နောက်ဆက်၍ "ဖေဖေဟာ အရင်ကတော့ တရားသူကြီးပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ငါးနှစ်လောက်စပြီး ပင်စင်ယူခဲ့တယ်။ အဲဒီ ပင်စင်ယူတဲ့အချိန်အတွင်း ဖေဖေဟာ စိတ်ရောဂါ လူပါ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့တယ်။ နားလည်း နည်းနည်းလေးနေပြီး စိတ်တွေဟာ ဆိုရင်လည်း သူငယ်ပြန်ချင်သလို၊ ရူးသွပ်ချင်သလိုလို ဖြစ်နေတယ်။ ချို့ကိုတောင်မှ ဖေဖေဟာ တစ်ခါတလေ ကောင်းကောင်း မမှတ်မိချင်ဘူး။ အခု ကိုအောင်ဒင် သွားရင်လည်း ဘာကိစ္စရှိလို့လဲဆိုပြီး မေးလိမ့်မယ်။ ဒီလို မေးတဲ့အခါမှာ ကိုအောင်ဒင်က အမှန်အတိုင်းကို ရှက်ကြောက်မနေဘဲ တစ်ခါတည်း ဖွင့်ပြောခဲ့ပေတော့။ ဖေဖေဟာ ညာတဲ့လူဆိုရင် မကြိုက်ဘူး။ ဘွင်းဘွင်းသမားမှ သူက သဘောကျတာ။ ကိုအောင်ဒင်အဖို့မတော့ ဖေဖေ သဘောကျအောင်

mgyoe.com

mgyoe.com

လုပ်ဖို့ဆိုတာ မလွယ်လှဘူး။ ဒါပေမဲ့ ကြိုးစားကြည့်ပေါ့လေ။ ချို့ကို တကယ်ချစ်တယ်ဆိုရင် ချို့ ဖေဖေ သဘောကျအောင် လုပ်ပြနိုင်ရမှာပေါ့။ ကဲ… ကဲ … သွားပေတော့၊ အပေါ်ထပ် ဘယ်ဘက်ခန်းဟာ ဖေဖေနေတဲ့ အခန်းပဲ"

ချိုချိုသည် ထိုသို့ ပြောပြီးနောက် အောင်ဒင်အား သူမ၏ ဖခင်နေသောအခန်းသို့ ညွှန်ပြလိုက်လေသည်။

"စိတ်သာချနေပါ ချိုရယ် … အဘိုးကြီး သဘောကျအောင် ကိုအောင်ဒင် အစွမ်းကုန် ကြိုးစားပါ့မယ်"

အောင်ဒင်သည် ချိုချိုအား ရင်ကော့ကာ ပြောကြားလိုက်လေသည်။ ပြီးလျှင် သူသည် အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်လာလေသည်။ အချစ်ရေးမို့သာလျှင် အဘိုးကြီးနှင့် ရင်ဆိုင်ရန် လာခဲ့ရသော်လည်း သူ၏ ရင်ထဲတွင်မူ သမဝါယမဟီးနိုးကားကြီးကို စီးနေရသလို တင်းကျပ်ကျပ်ကြီး ဖြစ်နေလေသည်။

အပေါ်ထပ်သို့ ရောက်လျှင် ချိုချို ပြောလိုက်သည့်အတိုင်း ဘယ်ဘက်အခန်းတံခါးကို တွန်းဖွင့်၍ အောင်ဒင်သည် ဝင်ရောက်ခဲ့လေသည်။ အခန်းတွင်း၌ အသက် ငါးဆယ်ကျော်ခန့်ရှိ ဖြူဖြူဝဝ အဘိုးကြီးတစ်ဦးသည် ကော်ကိုင်းမျက်မှန်ကြီးကို တပ်၍ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ဗွမ်းစောင်ကြီးကို ကိုယ်တစ်ပိုင်းခြုံကာထားရင်း သတင်းစာကို ဖတ်ရှုနေလေသည်။

"အဟမ်း"

အောင်ဒင်သည် အဘိုးကြီးအား ချောင်းသံပေးလိုက်လေသည်။

ထိုအသံကြောင့် အဘိုးကြီးသည် အောင်ဒင်အား လှမ်းမော့ကာ ကြည့်လိုက်ပြီးနောက် တစ်ဆက်တည်း မေးလိုက်လေသည်။

"ဟေ့ … မင်း ဘယ်သူလဲ"

"ကျွန်တော် … အောင်ဒင်ပါ ခင်ဗျာ"

"ဘယ်သူကွ … ဗိုလ်အောင်ဒင် … ဟုတ်လား၊ ငါ့အခန်းထဲ ဘာလာလုပ်တာလဲ … မမြဝင်းကို လာရှာတာလား …"

အဘိုးကြီးသည် ဗိုလ်အောင်ဒင် ဇာတ်ကားကို ကြည့်ဖူးသူဖြစ်၍ အောင်ဒင်အား လှမ်းကာ မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"မ ... မ ... မဟုတ်ပါဘူး ခင်ဗျာ ... ကျွန်တော် ချိုချို လိုချင်လို့ ပါ"

အောင်ဒင်က ထစ်ငေါ့စွာဖြင့် ခပ်ကျယ်ကျယ် ပြန်ဖြေလိုက်သည်။ သို့ရာတွင် အောင်ဒင်ပြောလိုက်သည့် ချိုချိုကို ဟို ... ကလေးတွေ စို့သည့် ချိုချိုဟု မှတ်ထင်သွားသဖြင့် ...

"ဘာကွ ... ချိုချို လိုချင်လို့ ဟုတ်လား"

အဘိုးကြီးက အံ့သြစွာဖြင့် မေးလိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ ... ချိုချို လိုချင်လို့ပါ"

"နေစမ်းပါဦး မင့် အသက်အရွယ်ကြီးနဲ့များ ချိုချိုကို ဘာလုပ်ဖို့တုံး ဟ ..."

"ကျွန်တော် ကြိုက်လို့ပါ ခင်ဗျာ"

အောင်ဒင်က ရှက်သွေးဖြာသော မျက်နှာကလေးဖြင့် ဖြေလိုက်၏။

"ဟေ ... ကြိုက်လို့ ဟုတ်လား"

ပိုမို အံ့သြစွာဖြင့် အဘိုးကြီး မေးပြန်သည်။

"ဟုတ် ... ဟုတ်ကဲ့ ဦး ... ကျွန်တော် မရရင် သေမလောက်ကို ကြိုက်ပါတယ် ဦးရယ်။ ဒါကြောင့် ကျွန်တော့်ကို ချိုချို ပေးပါ"

ကဲ ... စာရှုသူ ... ဘုန်းကြီးရှူးနဲ့ လှေလူး နှစ်ဦးတော့ဖြင့် တွေ့နေကြလေပြီ။ တစ်ဦးနှင့် တစ်ဦး သင်္ကေတနာ အမေးအဖြေတွေသာ လုပ်နေကြသည်။ တစ်ဦးပြောသည့် အဓိပ္ပာယ်ကို တစ်ဦးက နားမလည်ကြပေ။

"ဟား ... ဟား ... ဟား ... မင်း ဒီလောက်တောင် ချိုချိုကို ကြိုက်နေရင်လည်း ချိုချို ပေးနိုင်တဲ့ ကလေးအမေတွေဆီ သွားတောင်းမှပေါ့ကွ။ ငါ့ဆီမှာဆိုရင် ချိုချိုတော့ ရှာမှ မဟုတ်ဘူး။ ရှုံ့ရှုံ့ပဲ ရမယ်ကွ။ ဟား ... ဟား... ဟား ..."

အဘိုးကြီးသည် ထိုသို့ ပြောပြီးနောက် အားပါးတရ ရယ်မောနေလေသည်။ ထိုအခါကျမှ အောင်ဒင်မှာလည်း အဘိုးကြီး၏ ချိုချိုနှင့် သူ၏ ချိုချိုမှာ သံတူကြောင်းကွဲ ဖြစ်ကာ အဓိပ္ပာယ်လွဲနေမှန်း သိရလေသည်။

ထို့ကြောင့် သူသည် နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲနေအောင် ရိုက်ကာ "သေလိုက်ပါတော့ လောကဓာတ်ဆရာတွေရယ်" ဟူ၍ ညည်းလိုက်လေသည်။ ပြီးမှ သူသည် အဘိုးကြီးအား ချိုချို၏ အဓိပ္ပာယ်ကို ရှင်းလင်းလိုက်

mgyoe.com

mgyoe.com
လေသည်။

"ထပ်သရီး ... ကျွန်တော် ပြောတဲ့ ချိုချိုဆိုတာ လူကို ပြောတာပါ ဦးရဲ့ ...။ ဦးတို့ ကျွန်တော်တို့ ငယ်ငယ်က စို့ခဲ့တဲ့ ချိုမိုင်မိုင် ... ချိုမိုင်မိုင် ဆိုတဲ့ ချိုချိုကို ပြောတာ မဟုတ်ပါဘူး"

အောင်ဒင်က ရေလည်စွာဖြင့် ရှင်းပြရင်း လက်မှလည်း ကလေးတွေ လုပ်သလို လက်သီးကို ဆုပ်လိုက် ဖြန့်လိုက် လုပ်ပြကာ နေလေသည်။

ထိုသို့ ရှင်းပြလိုက်မှ အဘိုးကြီးမှာ နားလည်သွားကာ ဒုတိယမွှ ထပ်မံ၍ ရယ်မောပြန်လေသည်။

"နို့ ... နေပါဦး ... မင်းပြောတဲ့ ချိုချိုဆိုတာ ဘယ်သူလဲ"

"ဦးရဲ့ ... သမီးချောလေး ... လေ"

ဤသို့ အောင်ဒင်က သမီးချောဟူ၍ ပြောလိုက်သည်ကို အဘိုးကြီး၏ နားတွင် ဇနီးချောဟူ၍ ကြားသွားသဖြင့် ...

"ဟော့ ... ငါ့ဇနီးကို ဟုတ်လား .... နေစမ်းပါဦး ... ဗိုလ်စိန်ဓား မြှောင် ... အဲလေ ... ဗိုလ်အောင်ဒင်ရဲ့ ငါ့ဆီမှာလာပြီး ဇနီးကို အလှူခံရ အောင် မြမ္မာအေး ဦးအေးမောင် မှတ်နေလို့လား။ ငါ့ဇနီးကို လှူမယ်လို့ သတင်းစာထဲမှာ မကြေညာမိပါဘူးကွ"

ဟူ၍ အဘိုးကြီးသည် မျက်ခုံးကို တစ်ဖက်ချီရင်း ပြောလိုက်လေသည်။

"အာ ... အာ ... ကျွန်တော် ပြောတာ ဦးရဲ့ ဇနီးကို ပြောတာ မဟုတ်ပါဘူး ... ဦးရဲ့ သမီး ချိုချိုကို ပြောတာပါ"

အောင်ဒင်သည် ခြေကားယား၊ လက်ကားဖြင့် အဘိုးကြီးကို ခပ်ကျယ်ကျယ် ပြော၍ ရှင်းပြလိုက်လေသည်။

"ဩော်... ဒီလိုလား"

ထိုအခါကျမှ အဘိုးကြီးမှာ နားရှင်းသွားဟန်ဖြင့် ပြုံး၍ ပြောလိုက်လေသည်။

"ဟုတ်ကဲ့ ... ဩော် ... ဒီလိုပါပဲ"

"ကောင်းပြီ ... ငါ့သမီးကို လိုချင်ရင် ပထမဆုံး ငါ သဘောကျအောင် လုပ်ရလိမ့်မယ်။ ဒါထက် မင်း တုပ်ကွေးရောဂါ ကုတတ်လား"

အဘိုးကြီးက လက်ဝါးနှစ်ဖက်ကို ပွတ်၍ မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"ဟုတ် … ဟုတ်ကဲ့ … ကောင်းကောင်းကြီး ကုပေးတတ်တာပေါ့ ဦးရဲ့၊ ကျွန်တော်က တုပ်ကွေး စပယ်ရှယ်လစ်ပဲ"

အောင်ဒင်သည် အဘိုးကြီးအား ဖြီးလိုက်လေသည်။

"အေး … ဒီလိုဆိုရင် နေရာကျပြီ။ အခု ငါ တုပ်ကွေးဖြစ်နေလို့ကွ၊ တင်ကိုယ်လုံးဟာ ကိုက်ခဲနေတယ်။ အဲဒါကို မင်းပျောက်အောင် ကုပေးစမ်း"

အဘိုးကြီး၏ စကားကြောင့် အောင်ဒင်မှာ အခက်တွေ့နေရတော့သည်။ "ဘာဖြစ်လို့ ငါဟာ မကုတတ်ဘဲနဲ့ ကုတတ်တယ်လို့ ပြောရတာလဲ" ဟူ၍ သူ့ကိုယ်သူ အပြစ်တင်နေလေသည်။ သို့သော် ဒိုင်လူကြီးဖြစ်မှတော့ ပရိသတ် အဆဲခံရမှာကို ကြောက်နေ၍ မဖြစ်တော့သလို အောင်ဒင်မှာလည်း ကုပင် မကုတတ်သော်လည်း သူ တုပ်ကွေးဖြစ်စဉ်က မြန်မာဆေးမြီးတိုနည်းဖြင့် အကုခံခဲ့ရသည့်နည်းအတိုင်း အဘိုးကြီးကို ကုပေးရန် ဆုံးဖြတ်လိုက်လေသည်။

"ဟော့ … ဘာငိုင်နေတာလဲကွ၊ မကုနိုင်လို့လား"

အောင်ဒင်အား အဘိုးကြီးက လှမ်း၍ မေးလိုက်လေသည်။

"မ … မဟုတ်ရပါဘူး ခင်ဗျာ၊ ကုနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ ကုသရမယ့်နည်းဟာ ဦးအနေနဲ့ လက်သင့်ခံနိုင်ပါ့မလားလို့ စဉ်းစားနေတာပါ"

"ဘာမှ စဉ်းစားမနေနဲ့။ ကုမှာသာ ကု၊ ငါ့ရောဂါ ပျောက်မယ်ဆိုရင် ငါ လက်ခံမယ်"

ထို့ကြောင့် အောင်ဒင်သည် ကုရန် ပြင်ဆင်လေတော့သည်။

"ဦးရဲ့ အကိုက်အခဲ လုံးဝပျောက်သွားအောင်ကုဖို့အတွက် ဦး … စီးတဲ့ ဖိနပ်တစ်ဖက် ကျွန်တော့်ကို ပေးပါ"

အောင်ဒင်၏ စကားကြောင့် အဘိုးကြီးသည် ဆတ်ခနဲ အောင်ဒင်အား မော့ကြည့်လိုက်ပြီးတဲ့နောက် ..

"ဟော့ … ဖိနပ် ဘာလုပ်ဖို့လဲကွ၊ ငါ့ကိုများ ပြုတ်ပြီး တိုက်ဦးမလို့လား ထွီ … ရွံ့စရာကွာ"

"မဟုတ်ပါဘူး ဦးရဲ့၊ အဲဒီ ဖိနပ်နဲ့ ကိုက်ခဲတဲ့ နေရာကို အသက်ခုနစ်ချက်အောင့်ပြီး ရိုက်ကုမလို့ပါ"

အောင်ဒင်က ၎င်းအား ပြောပြလိုက်လေသည်။

"ဟ … ကောင်ရ မင်းဟာက ဖိနပ်နဲ့ ရိုက်ကုရတယ်လို့ ကြားပဲ

mgyoe.com

mgyoe.com
ကြားဖူးပေါင်ကွာ။ တော်ကြာ ရောဂါမပျောက်ဘဲ ငါ့မှာ ဖိနပ်နဲ့ အရိုက်ခံရတာသာ အဖတ်တင်နေပါဦးမယ် ...”

အဘိုးကြီးက မယုံသင်္ကာဖြင့် ပြောနေလေသည်။

“တကယ်ပြောနေတာပါ ဦးရဲ့၊ ဘုရားစူးရပါစေရဲ့”

အောင်ဒင်က ကျိန်တွယ်၍ ပြောလိုက်သည်။

“အံမာ ... ဒီ ဘုရားစူး ကျိန်ရုံလေးနဲ့ ငါက ယုံရမှာလားကွ၊ ဒီထက်ခေတ်မီပြီး ကြောက်စရာကောင်းတဲ့ဟာကို ကျိန်စမ်းကွာ”

အဘိုးကြီး၏ စကားကြောင့် အောင်ဒင်မှာ ခေတ်အမီဆုံးကျိန်စာကို စဉ်းစားကာ နေလိုက်ပြီးနောက် ရရှိသွားဟန်ဖြင့် ...

“ကဲ ... ကဲ ... သွားလေရာမှာ ပျူစောထီးသတ်လို့ သေရစေရဲ့ဗျာ၊ ကိုင်း ... ကျေနပ်ပလား”ဟူ၍ အောင်ဒင်သည် ကျိန်ဆိုကာ မေးလိုက်လေသည်။

“အမယ် ... မင်းကျိန်လိုက်တာဟာ ငါတောင် ကြက်သီးထသွားတယ်၊ အေး ... အေး ... ယုံပါပြီကွာ၊ ကုပေတော့”

အဘိုးကြီးက ထိုအခါကျမှ ကျေနပ်စွာဖြင့် ကုရန်ခွင့်ပြုလိုက်လေသည်။ ထို့ကြောင့် အောင်ဒင်သည် အဘိုးကြီး၏ ဖိနပ်တစ်ဖက်ကို ယူလိုက်ပြီးနောက် သူ တုပ်ကွေးဖြစ်စဉ်က သူကုသပေးခဲ့သော အနှိပ်သည် အဒေါ်ကြီး၏ နည်းစနစ်အတိုင်း ကုလေတော့သည်။

ကုပုံကား ... အဘိုးကြီးအား ခြေနှစ်ချောင်းဆန့်ကာထားခိုင်းပြီးနောက် သူသည် အဘိုးကြီးစီးသည့် သားရေဖိနပ်စောင်းဖြင့် အသက် ခုနစ်ချက်အောင့်ကာ ခြေရိုးတစ်လျှောက် တဒေါက်ဒေါက်နှင့် အုပ်နေလေတော့၏။

သူက ဒေါက်ခနဲ ခပ်ပြင်းပြင်း တစ်ချက်ရိုက်လိုက်လျှင် အဘိုးကြီးက ‘အမယ်လေး’ ဟူ၍ တစ်ချက်အော်လိုက်သည်။ ဤသို့ဖြင့် ဒေါက်ခနဲ အုပ်၍ အဘိုးကြီးက ‘အမယ်လေး’ အော်ကာဖြင့် ကုသ၍ ပြီးစီးသွားခဲ့လေသည်။

“ကဲ ... ပြီးပြီ၊ ဦး ... ဒီပြင် ဘာခိုင်းဦးမလဲ”

အောင်ဒင်သည် သူ၏ နဖူးမှ ချွေးကို လက်ဖြင့် သုတ်ရင်း မေးလိုက်လေသည်။
mgyoe.com

mgyoe.com

"ဒီနေ့အဖို့တော့ တော်ပါပြီ၊ မင်းလည်း ပြန်နိုင်ပြီ၊ အေး ... ဒါပေမဲ့ နက်ဖြန်တစ်ခေါက် ဒီလိုအချိန် လာခဲ့ဦး၊ မင်းကုပေးတဲ့ ရောဂါပျောက်ရင် ငါ့ သမီးနဲ့ မင်းကို အိုကေ ... လိုက်မယ်၊ မပျောက်ရင်တော့ ဂက်ဒေါက်ပဲ"

အဘိုးကြီးသည် ထိုသို့ ပြောပြီးနောက် အောင်ဒင်အား လွှတ်လိုက်လေသည်။

ထို့ကြောင့် အောင်ဒင်သည် အခန်းတွင်းမှ ထွက်ကာ အောက်ထပ်သို့ သွက်လက်စွာဖြင့် ဆင်းကာလာလေသည်။

"ဘယ်နှယ့်လဲ ဖေဖေနဲ့ လေပေးဖြောင့်ရဲ့လား"

အောင်ဒင်အား မျှော်လင့်ကြီးစွာဖြင့် စောင့်မျှော်နေသော ချိုချိုက ခရီးရောက်မဆိုက် မေးလိုက်သည်။

"အင်း ... ဒီနေ့အဖို့တော့ အိုကေပါပဲ။ ဒါပေမဲ့ နက်ဖြန်တစ်ခါ လာခဲ့ရဦးမတဲ့ ..."

အောင်ဒင်သည် ပြန်လည်ကာ ဖြေလိုက်ပြီးနောက် အဘိုးကြီးနှင့် စတင် တွေ့ဆုံခဲ့သည်မှ ယခုဆင်းလာခဲ့သည်အထိ အစအဆုံး တစ်လုံးမကျန် ဇာတ်လှန်ကာ ချိုချိုအား ပြောပြလိုက်လေသည်။ အောင်ဒင် ပြောသမျှကို ချိုချိုသည် တခစ်ခစ်ဖြင့် ရယ်မောက နားထောင်၍ နေလေသည်။

"ဒါပဲနော် ... ကိုအောင်ဒင် ... ဖေဖေက သဘောကျမှ ချိုနဲ့ ပေါင်းရမှာ၊ နို့မို့ရင်တော့ ပေါင်းကြရမှာ မဟုတ်ဘူး"

"အို ... ဒီအတွက်တော့ စိတ်ချပါ ချိုရယ် ...၊ ကိုအောင်ဒင် အစွမ်းကုန် ကြိုးစားပါ့မယ်... ဒါထက် ချို့ ဖေဖေကို အခု ဆေးကုပေးရတဲ့အတွက်တော့ စရန်ကလေး ပေးလိုက်ပါဦး"

အောင်ဒင်သည် မချိုမချဉ်ဖြင့် ချိုချိုအား ကြည့်၍ ပြောလိုက်လေသည်။

"ဘာ စရံလဲ ... ကိုအောင်ဒင်ရဲ့၊ ရှင်းအောင် ပြောစမ်းပါ"

"ချို့ ... ဖေဖေကို ဆေးကုပေးရတဲ့အတွက်လို့ ပြောနေမှပဲ ... ခုထက်ထိ မရိပ်မိသေးဘူးလား"

အောင်ဒင်သည် ချိုချိုနှင့် ပိုမို၍ နီးကပ်သွားရန် ရှေ့တစ်လှမ်းတိုးကာ ကပ်လိုက်လေသည်။ ချိုချိုက နောက်တစ်လှမ်း ဆုတ်ကာ နေလိုက်၏။

"စရန်ဆိုတာ ဘယ်လိုဟာကို ပြောတာလဲ ... ပိုက်ဆံလား ..."

mgyoe.com

mgyoe.com

"ပိုက်ဆံလောက်များ အရေးလုပ်ပြီး ပြောနေပါ့မလား ချိုရဲ့ ... ကိုအောင်ဒင်ပြောတဲ့ စရံဆိုတာက ဟို ... ဟို ... ဟိုဒင်းလေ... မွှေးမွှေးပေးဖို့ ပြောတာပါ"

အောင်ဒင်သည် ရှေ့တစ်လှမ်းတိုးကာ ကပ်လိုက်ပြန်သည်။ ချိုချို ကလည်း နောက်တစ်လှမ်းဆုတ်ကာ နေလိုက်ပြန်၏။

"အံမာ ... သူက ကဲလိုက်တာ။ ဒီက ဘာများလဲလို့ မရဘူး... ဆရာ၊ လက်ထပ်ဖို့ သေချာကြမှ ပေးနိုင်မယ်။ ခုတော့ ဒါမျိုး ခွင့်မပြုနိုင်သေးဘူး"

ချိုချိုက ငြင်းဆန်လိုက်လေသည်။

"ချိုကလည်းကွယ် ... တိုစရာ မဟုတ်တာ တိုနေပြန်ပါပြီ ... ဒီလောက်ကလေးတော့ ကိုယ့်ကို ဖေဗာ (Favour) ပေးသင့်ပါတယ်ကွယ်၊ အရာယွင်းတာလိုက်လို့ပဲ ... နော် ... နော် ..."

အောင်ဒင်သည် ပြောရင်း ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြန်သည်။

"ဟင့်အင်း ... ဟင့်အင်း ... မရဘူးဆို မရဘူးဘဲ၊ အရာ ယွင်းယွင်း မယွင်းယွင်း "

ချိုချိုသည် ပြန်ပြောရင်း နောက်တစ်လှမ်း ဆုတ်လိုက်ပြန်သည်။ ဤသို့ဖြင့် ရှေ့သို့တိုးသူက တိုး နောက်သို့ ဆုတ်သူက ဆုတ်နှင့် လုပ်နေကြရာမှာ ချိုချိုသည် စွတ်ခနဲ နောက်ဖေးဘက်သို့ ဝင်ပြေးသွားလေသည်။

ထို့ကြောင့် အောင်ဒင်မှာ တောက်,တစ်ချက်ကို မကျေမချမ်းဖြင့် ခေါက်လိုက်ပြီးနောက် သူ၏ အိမ်သို့ ပြန်ခဲ့လေသည်။

*

နောက်တစ်နေ့တွင်မူ အောင်ဒင်သည် အဘိုးကြီး ချိန်းဆိုလိုက်သည့် အတိုင်း ချိုချို၏ အိမ်သို့ ဒုတိယအကြိမ် ရောက်ရှိလာခဲ့လေသည်။ ထိုနေ့ အဖို့ သူရော ချိုချိုပါ ရုံးမတက်ကြပေ။ ခွင့်ယူထားလိုက်ကြလေ၏။

"ဟော ... ကိုအောင်ဒင်တောင် ရောက်လာပြီ။ ဖေဖေကဖြင့် ဆယ့်နှစ်နာရီကတည်းက တစ်မေးတည်း မေးနေတာပဲ။ ရှင့်ကို တော်တော် သဘောကျနေပြီ ထင်တယ်"

အောင်ဒင်သည် ခရီးရောက်မဆိုက် ပြောလိုက်သော ချိုချို၏ စကားကြောင့် ဝန်ကြီးချုပ်ရာထူးကို ရရှိလိုက်သည့်လူအလား အလွန်ပင် ဝမ်း

mgyoe.com

mgyoe.com
မြောက်သွားမိလေသည်။ "ဖြစ်ရမယ်လေ ... ဒါကတော့ ဖြစ်ရမယ် ... အောင်ဒင်တို့ ကြံလိုက်ရင် ... ဟန်ရတာချည့်ပဲ။ အခုလည်း ချို့ဖေဖေဟာ မနေ့က ကိုအောင်ဒင် ကုပေးခဲ့လို့ တုပ်ကွေးပျောက်သွားတဲ့အတွက် ချီးမွမ်းချင်လို့ တွေ့ချင်နေတာ ဖြစ်ရမှာပဲ"

အောင်ဒင်သည် လက်သီး လက်မောင်းတန်း၍ ချိုချိုအား ကြွားနေလေတော့သည်။

"ကဲ ... ကဲ ... လေတွေ သိပ်ပြီး ကန်မနေနဲ့ဦး၊ ဖေဖေက ရောက်ရင် အမြန်ဆုံးလွှတ်လိုက်ရမတဲ့"

ထိုသို့ ပြောပြီးနောက် ချိုချိုက အောင်ဒင်၏ ကျောကို တွန်း၍ အပေါ်သို့ လွှတ်လိုက်လေသည်။

"ဘယ်နှယ့် တုပ်ကွေး စပယ်ရှယ်လစ်ကြီး၊ ခုမှပဲ ပေါ်လာတော့သလား"

အောင်ဒင်အား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဘိုးကြီးက မေးလိုက်လေသည်။

"ဟုတ် ... ဟုတ်ကဲ့ ဦး ... ဒီပြင့် ကိစ္စကလေး နည်းနည်းရှိလို့ ဝင်နေရတာနဲ့ နောက်ကျသွားပါတယ်။ ဒါထက် ဦး ... ရောဂါ သက်သာသွားပြီမဟုတ်လား"

"အေး ... မင်း ကုသပေးတဲ့ ကျေးဇူးကြောင့် အရင်ကထက်တောင် ပိုပြီး ဆိုးနေပြီကွ ခွေးမျိုးရဲ့"

အဘိုးကြီးသည် ပြောရင်း ဒေါသဖြစ်လာဟန်ဖြင့် အောင်ဒင်အား ဆဲလိုက်လေသည်။ ဒါကြောင့် အောင်ဒင်မှာ အကြီးအကျယ် ထိတ်လန့်ကာ သွားလေတော့သည်။

"ဟေ့ကောင် ... ငါ့ခြေထောက်တွေကို ကြည့်စမ်း။ ဘာဖြစ်နေလဲ ဟင် ..."

အဘိုးကြီးသည် အောင်ဒင်အား ခြုံထားသော ဂွမ်းစောင်ကြီးကို လှပ်ပြရင်း မေးလိုက်လေသည်။

"နည်းနည်း ရောင်နေတာ တွေ့ရပါတယ် ဦး"

"အေး ... အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား"

"မသိဘူး ... ဦး၊ မနေ့က ကျွန်တော် ကုတုန်းကတော့ မရောင်သေးပါဘူး"
mgyoe.com

mgyoe.com

အောင်ဒင်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောနေလေသည်။

"အေး ... ဟုတ်တယ်၊ မင်း မကုခင်ကတော့ မရောင်ဘူး၊ မင်းလဲ ကုပြီးရော ငါ့ခြေထောက်တွေဟာ ရောင်ကိုင်းလာပြီ၊ ငါ အခု လမ်းတောင် မလျှောက်နိုင်တော့ဘူးကွ သိရဲ့လား"

အဘိုးကြီးသည် ဒေါသကြီးစွာဖြင့် လှမ်းအော်ကာ ပြောလိုက်လေသည်။ ထိုအခါကျမှ အောင်ဒင်မှာ သူ၏ ကုသချက်ကြောင့် အဘိုးကြီးမှာ နဂိုအကောင်းဘဝမှ ခြေကျိုးဘဝရောက်ကာ နေရသည်ကို ရိပ်မိတော့၏။ ထို့ကြောင့် သူ၏ တစ်ကိုယ်လုံးမှာ ကြောက်စိတ်ဖြင့် ငှက်ဖျားတက်သလို တုန်၍ နေလေသည်။

"ဟေ့ကောင် ... မင်း ငါ့ကို မှန်မှန်ပြောစမ်း၊ မင်းဟာ ကုပ်ကွေး စပယ်ရှယ်လစ် အစစ် ဟုတ်တယ်၊ မဟုတ်ဘူး ဆိုတာ ..."

အဘိုးကြီးသည် တရားသူကြီးပိပိ အောင်ဒင်အား စစ်ဆေးလိုက်လေသည်။ ထို့ကြောင့် အောင်ဒင်မှာ အမှန်အတိုင်း ဖြေလိုက်ရတော့၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦးရယ်၊ ကျွန်တော်ဟာ တုပ်ကွေး စပယ် ရှယ်လစ် မဟုတ်ပါဘူး ... ညာပြောတာပါ"

"ညာပြောတာ ဟုတ်လား ... ထွီ ... ငါ့ သမီးနဲ့ မရခင်တုန်းတည်းက ငါ့ကို လိမ်ညာနေတဲ့ အကောင်ဟာ နောင် ငါ့သမီးနဲ့ ရလာတဲ့အခါ... တွဲ အသင်သည် ... အဟံ ငါ့အား မလိမ်ညာဘူးလို့ အဘယ်သို့သောနည်းဖြင့် ယုံ ကြည်ရမှာလဲ ... ငါ့ရှင်"

အဘိုးကြီးသည် လက်ညှိုးတငေါက်ငေါက်ဖြင့် အောင်ဒင်အား ထိုးကာ စိတ်ဖောက်ပြန်နေသူပမာ ပြောဆိုနေလေ၏။

အဘိုးကြီး၏ ဖောက်ပြန်စပြု၍လာသော အမူအရာတို့ကြောင့် အောင် ဒင်သည် အခန်းထဲမှနေ၍ ဒိုင်ဗင်ထိုးကာ ထွက်ပြေးချင်လေသည်။

"ဟေ့ ... ဗိုလ်အောင်ဒင်"

"ခင်ဗျာ"

"မောင်မင်းသည် ငါ့အား အဘယ်ကြောင့် မလိမ့်တပတ်ဖြင့် လုပ်၍ ငါ၏ ခြေသလုံးတော်နုနုကို သွေးခြည်တွေ ဥလာအောင် မောင်မင်းသည် ဖိနပ်ဖြင့် မညှာမတာ ရက်စက်စွာ ရိုက်ရသနည်း ... ငါ့ကို အမြန်ဖြေစမ်း"

အဘိုးကြီးသည် သူ့ကိုယ်သူ တရားသူကြီးလိုလို၊ ပွဲထဲက ရှင်ဘုရင်

mgyoe.com

mgyoe.com

လိုလိုဖြင့် အောင်ဒင်အား မေးနေလေသည်။

"ကျွန် ... ကျွန်တော် ... ဦးကို ညာပြီး ဖိနပ်နဲ့ ရိုက်တာ မဟုတ်ပါဘူး ဦးရယ် ... တကယ့် စေတနာနဲ့ ရောဂါပျောက်အောင် ရိုက်ပေးတာပါ။ ယုံပါ ဦးရယ်။ သွားလေရာ ပျူစောထီးတွေ သတ်လို့ သေရပါစေရဲ့"

အောင်ဒင်သည် အဘိုးကြီး သဘောကျသည့် ကျိန်နည်းကို ကျိန်ကာ ပြောပြလိုက်လေသည်။

"နိုး ... နိုး ... မင်းရဲ့ အားဂူးမင့်(ဆင်ခြေ) ကို ငါ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ မင်းလည်း မင်းရဲ့ ကျိန်စာအတိုင်း ပျူစောထီး သတ်လို့ သေမှာပဲ... သတိသာ ထားပေတော့။ ဟော့ ... မင်း ငါ့အပေါ်မှာ စေတနာ ထားရဲ့လား"

"ဟာ ... ထားပါတယ် ဦးရယ်၊ ဦးရဲ့အပေါ်မှာ ကျွန်တော် ထားတဲ့ စေတနာဟာ ... ကျွန်တော့် အဖေရင်းအပေါ်မှာ ထားတဲ့ စေတနာ အတိုင်းပဲ။ ပိုရင်သာ ပိုမယ် ... လိုမှာတော့ မဟုတ်ဘူး"

အောင်ဒင်သည် အဘိုးကြီး ကျေနပ်စေရန် အားပါးတရ ပြောလိုက်လေသည်။

"ဒါဖြင့် ... ငါ့ကို မနေ့က ကုပေးတာဟာ တကယ့် စေတနာနဲ့ ကုပေးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဦးရယ်၊ ဒါတောင် ဦးက နာတယ် ဆိုပြီး အော်နေလို့ ကျွန်တော်ဟာ ကျပ်ပြည့် တင်းပြည့် စေတနာထားပြီး မကုလိုက်ခဲ့ရဘူး"

"မြတ်စွာဘုရား၊ မင်းရဲ့ စေတနာ အတိုင်းသာ အကုခံရရင်တော့ ငါ့ ခြေထောက်တွေဟာ သွင်သွင်ကို ကျိုးမှာပဲ။ သွား ... သွား ... ခွေးမသား ၊ မင်းမျက်နှာကို ငါ ဆက်ပြီး မကြည့်ချင်တော့ဘူး။ မင်း မျက်နှာကို မြင်နေရလေလေ ငါ့ခြေထောက်တွေဟာ ပိုပြီး နာလာလေလေပဲ။ ထွက်သွားလိုက် စမ်းကွာ"

အဘိုးကြီးသည် အခန်းပေါက်သို့ လက်ညှိုးကို ညွှန်ပြကာ အောင်ဒင်အား နှင်နေလေသည်။

"ခွင့်လွှတ်ပါ ဦးရယ် ... တစ်ကြိမ်တစ်ခါ မိုက်မဲမိတာလေးကို"

အောင်ဒင်သည် ထွက်မသွားသေးဘဲ အဘိုးကြီးကို ဒူးထောက်ကာ တောင်းပန်နေလေသည်။

mgyoe.com

"ဘာ ခွင့်လွှတ်ရမှာလဲ။ ခွင့်မလွှတ်နိုင်ဘူး၊ သွားဆိုရင် သွားစမ်းကွာ"

"တောင်းပန်ပါတယ် ဦးရယ်၊ မလိမ်မိုး မလိမ္မာ အရွယ်မို့ တစ်ကြိမ် တစ်ခါ မိုက်မဲမိတာလေးကို ခွင့်လွှတ်ပါဗျာ ... ရှိခိုးပါရဲ့"

"အံမာ ... ဒီအရွယ်ကြီးများ မလိမ်မိုး မလိမ္မာအရွယ်တဲ့။ နင့် အမေကြီး မလိမ်မိုး မလိမ္မာအရွယ်လား။ ငါ ခွင့်မလွှတ်နိုင်ဘူး။ နင့်ကိုလည်း ငါ့သမီးနဲ့ မပေးစားဘူး။ နင့်မျက်နှာကိုလည်း ငါ မကြည့်ချင်တော့ဘူး။ ထွက်သွားလိုက်စမ်းကွာ"

အဘိုးကြီးသည် အလွန်ပင် ဒေါသဖြစ်ဟန်ဖြင့် အောင်ဒင်အား မောင်းထုတ်နေလေသည်။ သို့သော် အောင်ဒင်သည် ထွက်မသွားသေးဘဲ နောက်ထပ်စကားပြောရန် ပြင်လိုက်စဉ်တွင်...

"ကဲ ... သွားဆိုတာ မသွားသေးတဲ့ကောင်တော့ သေပေတော့"ဟူ၍ ပြောကာ အဘိုးကြီးသည် ထွေးခံဖြင့် ကောက်၍ ပေါက်လိုက်လေတော့သည်။ သို့သော် အစစ အရာရာတွင် သူမတူအောင် လျင်မြန် ဖျတ်လတ်၍ အရှောင်အတိမ်း ကျင်လည်ပုံရသော ကျွန်တော်တို့၏ ဇာတ်လိုက်ကြီး အောင်ဒင်သည် အဘိုးကြီး ထွေးခံဖြင့် ပေါက်လိုက်လျှင်ပေါက်လိုက်ချင်း ကျင်လည်စွာ ရှောင်တိမ်းလိုက်ရာ (ဘယ်နှယ့် စာရှုသူ အောင်ဒင်ဟာ လွတ်သွားလိမ့်မယ်လို့ ထင်သလား။ မထင်နဲ့ စာရှုသူရေ့) ထွေးခံမှာ အောင်ဒင်ရှောင်လိုက်သည့် ဘက်သို့ တည့်တည့်ကြီး ဝင်လာကာ အောင်ဒင်၏ ခေါင်းကို 'ဒုံ' ခနဲ နေအောင် ချစ်ကြည်ရေး မိတ်ဆက်လိုက်လေသတည်း။

ထို့ကြောင့် အောင်ဒင်၏ ခေါင်းနှင့် ကျောပြင်တစ်ခုလုံးမှာ အဘိုးကြီး၏ တံတွေးနှင့် ကွမ်းသွေးတို့ဖြင့် ပေကျံကုန်ကာ ကုလားသင်္ကန်း ကျသလို ဖြစ်နေလေသည်။

အောင်ဒင်လည်း တစ်ရှိန်တည်း အောက်သို့ ဒုန်းစိုင်းကာ ဆင်းပြေးလာလေသည်။

"အို ... အို ... ကိုအောင်ဒင် ဘယ်လိုဖြစ်လာတာလဲဟင်၊ ဘယ်လိုဖြစ်လာတာလဲ တစ်ကိုယ်လုံးလည်း ပေလို့ပါလား"

ချိုချိုသည် အောင်ဒင်ကို ကြည့်၍ ထိတ်လန့်တကြား မေးလိုက်လေသည်။

"ဘယ်လိုဖြစ်ရမှာလဲ ချို့၊ ဖေဖေ အုပ်လွှတ်လိုက်တာပေါ့"

mgyoe.com

mgyoe.com

ထိုသို့ ပြောပြီးနောက် အောင်ဒင်သည် ဖြစ်ခဲ့သမျှ အကြောင်းတွေကို နတ်သံနှောကာ ပြောပြလိုက်လေသည်။

"ကဲပါ ချိုရယ်၊ ချို ပြောထားတဲ့ စကားအတိုင်းပဲ ချို့ဖေဖေက သဘောမတူတဲ့နောက်တော့ ကိုအောင်ဒင့်အဖို့ မျှော်လင့်ချက် မရှိတော့တာမို့ ကိုအောင်ဒင် ပြန်ပါရစေတော့နော်"

အောင်ဒင်သည် တုန်ရီသော အသံတို့ဖြင့် ချိုချိုအား ပြောပြီးနောက် ချိုချို၏ အပြောကိုမှ မစောင့်တော့ဘဲ တစ်ချိုးတည်း ထွက်လာခဲ့လေသည်။

အိမ်သို့ရောက်လျှင် အဝတ်တွေကို လဲပစ်လိုက်ပြီးနောက် အိမ်ဖော်ကောင်လေးအား ရမ်တစ်ပုလင်း ဝယ်ခိုင်းလိုက်လေသည်။

အောင်ဒင်ကား မိုက်တော့မည်၊ ရမ်းတော့မည်။

သူသည် ချိုချိုနှင့် လွဲခဲ့ရသဖြင့် သူ၏ ရင်ထဲတွင် မုံရွာ မီးထက်ကြီးသော အချစ်မီးသည် တောက်လောင်၍ နေလေသည်။

ထို့ကြောင့် သူသည် အချစ်မီးကို ရမ်တည်းဟူသော အရက်ဖြင့် ငြိမ်းသတ်လေတော့မည်။ သူ၏ အိမ်ဖော်ကောင်လေးသည် သူ့အား ရမ်ပုလင်းကို ဝယ်၍ ပေးလိုက်၏။

သူသည် ရမ်ပုလင်းကို ကိုင်၍ အခန်းတွင်းသို့ ယူလာလေသည်။ အခန်းတွင်းသို့ ရောက်လျှင် သူသည် ပုလင်းကို ဖွင့်၍ ဖန်ခွက်ထဲသို့ လက်နှစ်လုံးခန့် ထည့်လိုက်ပြီးနောက် ရေပင် မရောဘဲ ဗွတ်မိုတ်ကာ သောက်ချလိုက်လေသည်။ တစ်ကိုယ်လုံးသည် ပူခနဲ နွေးခနဲ ဖြစ်သွားပြီးနောက် ခေါင်းထဲတွင် ရီတီတီ ဖြစ်၍ လာလေသည်။

ထို့နောက် သူသည် ချိုချို၏ထံမှ ခိုးယူထားသော သုံးလက်မ အရွယ်ကိုယ်တစ်ပိုင်းပုံကလေးကို ထုတ်လိုက်ပြီးနောက် ...

"ချို ... မင်း ကိုယ့်ကို မေ့လိုက်ပြီပေါ့နော်။ ကိုယ်ဟာလေ မင်းဖေဖေ သဘောကျအောင် လုပ်ပေးမယ့် မင်းအဖေ ဘုရားကြီးက သဘောမကျတာတော့ မတတ်နိုင်ဘူးကွယ်၊ တောက် ... ငါ့ ကိုယ်ကလည်း ကံဆိုးပါတယ်။ အထူးသဖြင့် မိန်းမတွေဘက်မှာ သာပြီးတော့တောင် ဆိုးပါသေးတယ်။ ငါ ဒီဘဝမှာတော့ မိန်းမရဖို့ မမြင်တော့ပါဘူး။ လူပျိုကြီးဘဝနဲ့သာ နေရတော့မှာ ထင်ပါရဲ့။ ဟို ... မအေပေး ... သတ္တဘာဂ ဖူးစာရေးနတ်ကလည်း ဘာဖြစ်လို့များ ငါ့ကို မိန်းမရအောင် မလုပ်ပေးတာလဲ မသိဘူး။

mgyoe.com

mgyoe.com

ဒင်းနဲ့ငါဟာ ဟိုဘဝက မယားလုဖက်မို့လို့များလား အငြိုးနဲ့ ငါ့ကို ညှင်းနေရော့သလား မသိပါဘူး"

အောင်ဒင်သည် တကယ့် ရုပ်ရှင်ထဲက အလွမ်းမင်းသားကြီးစတိုင်ဖြင့် တစ်ကိုယ်တည်းပြောကာ လွမ်းနေလေသည်။ ပြီးတော့ သူသည် ချိုချို၏ ဓာတ်ပုံကို နှစ်ချက်မျှ အားရအောင် နမ်းရှုတ်လိုက်ပြီးနောက် ...

"ချို ... မောင့်အချစ်ကလေး ချို ... မောင့် အသည်းကြော်ကလေး ချို" ဟု ခေါ်လိုက်စဉ်တွင် ...

"ရှင် ... ရှင် ... ချို ဒီမှာ ရှိတယ်လေ" ဟူ၍ နောက်မှ ပြောလိုက်သောအသံကြောင့် အောင်ဒင်သည် အထိတ်တလန့်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ချိုချိုကား သူ၏ အခန်းဝတွင် ပြုံးရွှင်စွာဖြင့် ရပ်ကာနေသည်ကို အောင်ဒင် မြင်တွေ့ရလေသည်။

သို့သော် အောင်ဒင်သည် သူ့မျက်စိကို သူ မယုံနိုင်သေးဘဲ အထပ်ထပ် ပွတ်ကာ ကြည့်နေလေသည်။

"မျက်စိကို ပွတ်မနေပါနဲ့ ကိုအောင်ဒင်ရဲ့။ တော်ကြာ မျက်စိနာနေပါဦးမယ်။ ချို အစစ်ပါရှင့်"

ချိုချိုက ပြောလိုက်မှ အောင်ဒင်သည် ထိုင်နေရာမှ ခုန်ပေါက်ကာ ထလိုက်ပြီးနောက် ချိုချိုအား ပြေးဖက်လေတော့၏။

"ဟင် ... ချို ဝမ်းသာလိုက်တာ ချိုရယ် ... နေပါဦး ချို... ဒီကို လိုက်လာတာ ချို့ဖေဖေ သိရဲ့လားဟင် "

အောင်ဒင်သည် ချိုချိုအား တင်းကျပ်စွာ ဖက်ထားရင်းမှ မေးလိုက်လေသည်။

"သိတာပေါ့ရှင်... ဖေဖေကိုယ်တိုင်က ခွင့်ပြုလို့ ချို လိုက်လာတာ"

"ဟင် ... နို့ ဟိုမှာတုန်းက ကိုအောင်ဒင်နဲ့ သဘောမတူဘူးဆို .. ခုတော့ ယောက္ခမကြီးက သဘောတူသွားပလား။ ပြောစမ်းပါဦး ချိုရယ်။ ဒီက ကောင် စိတ်အေးရအောင်"

အောင်ဒင်သည် နောက်ပိုင်းကို စိတ်မအေးဟန်ဖြင့် မေးနေလေသည်။

"ဟိုတုန်းကတော့ ဖေဖေက ကိုအောင်ဒင်နဲ့ သဘောမတူပေမယ့် ခုတော့ တူသွားပြီလေ။ ဒီလို သဘောတူအောင်လည်း ချိုက လုပ်ပေးရတာ

mgyoe.com

mgyoe.com


ပေါ့။ ကိုအောင်ဒင် အိမ်က ထွက်သွားပြီးတဲ့နောက် ချိုဟာ ဖေဖေ့ဆီကို ငိုယိုတက်သွားပြီး ချိုနဲ့ ကိုအောင်ဒင်ဟာ တစ်ဦးကို တစ်ဦး သေမတတ် ချစ်နေကြကြောင်းနဲ့ ကိုအောင်ဒင်နဲ့မှ မပေးစားရင် ချိုဟာ ကိုယ့်ကိုကိုယ် သတ်သေလိုက်မယ့်အကြောင်းတွေကို ပြောပြလိုက်တော့ ဖေဖေက ကိုယ့်ကိုယ်ကိုကိုယ်တော့ သတ်မသေပါနဲ့ သမီးရယ်... ငါ့သမီး သဘောကျနေရင် ဖေဖေလည်း သဘောတူရမှာပေါ့လို့ ပြောတဲ့အတွက် ချိုလည်း ဝမ်းသာအား ရနဲ့ ကိုအောင်ဒင့်ဆီ လာခဲ့တာပဲ"ဟူ၍ ချိုချိုသည် ပြန်လည်၍ အောင်ဒင်အား ရှင်းလင်းကာ ပြောပြနေလေသည်။

"ဒါဖြင့် ချိုလည်း ကိုအောင်ဒင်ချစ်သလို ချစ်နေတာ ကြာပြီပေါ့နော်။ ဘယ်တုန်းကစပြီး ကိုအောင်ဒင်အပေါ်မှာ ချစ်မိုးတွေ ဇွေခဲ့တာလဲ ချိုရယ်၊ ပြောပြစမ်းပါ"

အောင်ဒင်သည် အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်သို့ ဖက်တက်ကာ နေလေသည်။

"ကိုအောင့်ကိုလား၊ ဟို ... ဟို ... တုပ်ကွေးဖြစ်တဲ့နေ့က စတာပဲ။ ချို့အတွက် ကိုအောင်ဟာ တုပ်ကွေး မဖြစ်သင့်ဘဲ ဖြစ်ရရှာတယ်လို့ တွေးပြီး ကရုဏာသက်မိရာက မေတ္တာတွေ တက်လာပြီး ကိုအောင့်ကို ချစ်မိတာပါပဲ ရှင့်။ ကဲ ... သိပလား"

ချိုချို၏ စကားကို ကြားလိုက်ရသော အောင်ဒင်မှာ မစင်တွင်းထဲ

"အောင်မယ်လေးလေး ... အစက ဒီလိုမှန်းသိရရင် ဒီကောင် အစောကြီးကတည်းက တုပ်ကွေးကို ကွေးခိုင်းပါတယ်ဗျာ။ ခုတော့ အသိနောက်ကျသွားလို့ ကုန်ဆုံးခဲ့တဲ့ ရက်ကို နှမြောလှချည်ရဲ့ ချိုရယ်"

အောင်ဒင်သည် တကယ်ပင် ကုန်ဆုံးခဲ့သည့်ရက်တွေကို နှမြောဟန်ဖြင့် ပြောနေလေသည်။

"အို ... တော်စမ်းပါ၊ ဘာတွေ လျှောက်ပြောနေတယ် မသိဘူး"

ချိုချိုက လှမ်း၍ ငေါက်လိုက်လေသည်။

ထိုနောက် အောင်ဒင်သည် ချိုချိုအား ဖက်ထားရာမှ လွှတ်လိုက်ပြီး နောက် စားပွဲပေါ်သို့ ဝမ်းမြောက်ဝမ်းသာဖြင့် လှမ်းကာ ခုန်တက်လိုက်ပြီးလျှင်...

"အို ... နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူလူထုကြီးခင်ဗျား၊ ကျွန်တော် ဂေါမစွံမောင်အောင်ဒင်သည် ယနေ့ကစ၍ ချိုချိုတည်းဟူသော

mgyoe.com

mgyoe.com

လှယမင်းကလေးနှင့် ဗိုလ်တုပ်ကွေး၏ ဖူးစာဖက်ကာပေးမှုကြောင့် စွံသွားပြီ ဖြစ်ကြောင်းကို ကြေညာမောင်းသတင်းဖြင့် ထုတ်ပြန်ကာ လွှင့်လိုက်ပါသ ဗျို့... ဒူ ... ”

ဟူ၍ အောင်ဒင်သည် အော်ဟစ်ကာ ပြောနေသဖြင့် ချိုချိုသည် အောင် ဒင်အား စားပွဲပေါ်မှ ဆွဲချလိုက်ပြီးနောက် အောင်ဒင်၏ ကျောပြင်ကြီးကို တအုန်းအုန်းဖြင့် ဖျောတင်ကာ ထုနှက်၍ နေလေသတည်း။

ဤတွင် ပြီးပါပြီဗျား ... ဖူး ... မောလိုက်တာ ...။

၁၆–၇–၅၇။
စက်ထင်သား၊ ဆွေးသောက်။

mgyoe.com

mgyoe.com




# ကေသရီနှင့် ဒေဝ

အောင်မြင်

မဂိုလမ်းထောင့်ရှိ မိုးအလင်းရောင်းသော ပလာတာဆိုင်တစ်ဆိုင်တွင် စားပွဲဝိုင်းကြီးတစ်ခုနှင့် စား‌ေသာက်နေသူ လူ ၆ ယောက်တို့သည် စကားပြောရင်းပြောရင်းနှင့် တစ်ဦးကို တစ်ဦး ဆူကြ၊ အော်ကြ၊ ငေါက်ကြသော အခြေအထိ အပြင်းအထန် ငြင်းခုံလျက် ရှိကြလေ၏။ ဆိုင်ရှင်ကုလား အဘိုးကြီးသည် ထိုလူစုအား သိပ်မဆူရန် သုံးကြိမ်တိုင်တိုင် သွား၍ တောင်းပန်၏။ သို့သော်လည်း ဆူညံနေသော လူစုမှာ ကုလားအဘိုးကြီး၏ တောင်းပန်သံကို မကြားနိုင်လောက်အောင်ပင် အကြောက်အကန် ငြင်းခုံလျက်ရှိနေကြ၏။ အချိန်မှာ သန်းခေါင်ကျော်နေပြီဖြစ်ရာ ရုပ်ရှင်နောက်ဆုံးပွဲကြည့်ပြီး နေအိမ်သို့ ပြန်ကြသော သူများသည် 'သန်းခေါင်စာ' စားရန် မဂိုလမ်းဘက်သို့ အံ့ထွက်

mgyoe.com

လာကြရာ မိုးလင်းရောင်းသော ဆိုင်များ၌ လူများ စည်ကား၏။ ဤသို့ 'သန်းခေါင်စာ' စားသော သူများအနက် အချို့သည် စားပွဲဝိုင်းတွင် ထိုင်ကာ ဆူညံစွာ ငြင်းခုံနေကြသောသူများအား လှမ်းကြည့်ပြီးနောက် "အဲဒီ ဆူနေတဲ့ လူစုကို သိကြရဲ့လား ... တခြားလူတွေ မဟုတ်ဘူး ... အခု မြို့တော်ခန်းမမှာ ကနေတဲ့ ပဒေသာကပွဲမှာ ... 'ကေသရီဒေဝီ' ပြဇာတ်ကနေကြတဲ့ 'စိန်အောင်ဝင်း' ဇာတ်အဖွဲ့ထဲက လူစုပေါ့ ... စသဖြင့် တီးတိုး ပြောဆိုနေကြလေသည်။ ပြောဆိုသည့်အတိုင်းလည်း မှန်၏။ ရန်ကုန်မြို့တော်ဝန်က ကြီးမှူး၍ ရန်ကုန်မြို့တော်ကြီးကို မဟာရန်ကုန်မြို့တော်ကြီး အဖြစ်သို့ တိုးမြှင့်ရန် ပထမအဆင့်အဖြစ်ဖြင့် ခြင်၊ ယင်နှင့် ကြွက် ပပျောက်ရေးရန်ပုံငွေအတွက် ပဒေသာကပွဲကြီး ကျင်းပနေ၏။ ထိုပဒေသာကပွဲကြီးတွင် ဇာတ်သဘင်အဖွဲ့ အသီးသီးတို့က ၁၀ မိနစ်စီ မိမိတို့ နှစ်သက်ရာ ပြဇာတ်တိုကလေးများ ကကွက်အဆန်းများကို စေတနာဖြင့် အသီးသီး ပါဝင်ကူညီကြရ၏။ ကပွဲမှာ ည ၇ နာရီခွဲမှ ၁၀ နာရီခွဲအထိဖြစ်ရာ အဖွဲ့ပေါင်း ၁၅ ဖွဲ့တို့ ပါဝင်ကပြလျက်ရှိနေ၏။ ယင်းသို့ ကပြရာ၌ ထုံးစံအတိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ သူနိုင်ငါနိုင် အပြိုင်အဆိုင် ကြလျက်ရှိနေကြပေရာ ပဒေသာ ကပွဲမှာ မြိုင်ဆိုင်သည်ထက် ပိုမိုမြိုင်ဆိုင်ပြီး ပရိသတ်များမှာ တိုး၍ မပေါက်နိုင်လောက်အောင် စည်ကားနေ၏။ ၂၅ ကျပ်တန်း လက်မှတ်များပင်လျှင် ရောင်း၍ မလောက်နိုင် ဖြစ်နေ၏။ လက်ဦးက သီတင်းတစ်ပတ်သာ ကပြရန် အစီအစဉ် ရှိသော်လည်း ရန်ကုန်လူထုကြီး၏ တောင်းဆိုချက်အရ ပဒေသကပွဲကြီးမှာ ၁၀ ရက်အထိ တိုးဆန့်၍ ကရန် မြူအဖွဲ့က ဆုံးဖြတ်ရလေသည်။

ပလာတာဆိုင်တွင် စကားများနေကြသော သူများအနက် လေးယောက်မှာ 'စိန်အောင်ဝင်း' ဇာတ်အဖွဲ့ဝင်များ ဖြစ်ကြ၏။ ကျန်တစ်ဦးမှာကား စာရေးဆရာတစ်ဦး ဖြစ်ပြီး 'ကေသရီဒေဝီ ဂီတဇာတ်ဆန်း' ကို ရေးသားသူ ဖြစ်၏။ ဆဋ္ဌမလူမှာကား စိန်အောင်ဝင်းအဖွဲ့ဝင်တို့နှင့် စာရေးဆရာတို့ကို တွေ့ဆုံပေးကာ ပြဇာတ်တစ်ထုပ်ဖြစ်အောင် စီစဉ်ပေးရသော မြူအရာရှိတစ်ဦး ဖြစ်လေသည်။

သူတို့ လူသိုက်သည် ငြင်းခုံ ဆူညံ၍ ကောင်းမြဲ ကောင်းနေကြ၏။ သို့သော် တစ်ယောက်သော သူမှာကား နှုတ်ပိတ်ရေငုံ လုပ်နေ၏။ အခြားငါးယောက်တို့က သူ့အား ပုလိပ်စစ် စစ်သလို မေးခွန်းများ ထုတ်သော

mgyoe.com

mgyoe.com

အခါတွင်မှ နှုတ်ပိတ်ရေငုံသမားသည် စကားလုံးချင်းများနှင့် ငုံးတိတိ အဖြေ ပေးလျက်ရှိနေလေသည်။ ထိုသူမှာကား အခြားမဟုတ်၊ 'ကေသရီဒေဝီ' ဇာတ်တွင် ခြသေ့်အဖြစ်ဖြင့် ပါဝင်ကပြ သီဆိုရသူ ဖြစ်၏။ ဂီတပြဇာတ်တွင် ခြသေ့် နေရာက ပါဝင်ရသော်လည်း သူ့ရုပ်သဏ္ဌာန်မှာ ခြသေ့်ကဲ့သို့ သတ္တိ ဗျတ္တိ နှင့် ကြောက်စရာကောင်းသူ လုံးဝ မဟုတ်ဘဲ ကုပ်ချောင်းချောင်း လူပျော့ တစ်ယောက် ဖြစ်ကြောင်း ထင်ရှား၍ နေလေသည်။

ငြင်းခုံနေကြရာ၌ အပြင်းအထန် ဝေဖန်ခြင်းကို ခံ၍ နေရသူမှာကား ထိုလူစုထဲတွင် တစ်ဦး အပါအဝင်ဖြစ်သော တစ်ပင်တိုင်မင်းသမီးချော ခင်စောလှိုင်ပင် ဖြစ်လေသည်။ ခြသေ့်အဖြစ် ကပြရသော လူငယ်မှအပ အခြား လေးယောက်တို့သည် ခင်စောလှိုင်ကိုသာ အပြစ်ဝိုင်း၍ ဆိုလျက် ရှိနေကြ၏။

'ခင်ဗျား အပြစ် ... မခင်စောလှိုင်၊ ဒီပြဇာတ် ပျက်စီးရတာဟာ ခင်ဗျား့ အပြစ်၊ ခင်ဗျား တစ်ယောက်တည်းရဲ့ အပြစ် ... ဘယ်သူ့ အပြစ်မှ မဟုတ်ဘူး ... ခုလို အတိုင်းသာ သွားမယ်ဆိုရင် ကျုပ်တို့အခန်းကို ပဒေသာကပွဲ ကော်မတီက ဖြုတ်ပစ်ခိုင်းတော့မှာ အမှန်ပဲ။ ဘယ်လောက် ရှက်စရာ ကောင်း သလဲ"

"ဟုတ်ပါရဲ့ ... သိပ်ရှက်စရာကောင်းတာ... ဟို ရတနာထွန်း ဇာတ် အဖွဲ့က ပြဇာတ်ဟာ ကိုယ်တို့ ပြဇာတ်နဲ့ ယှဉ်လိုက်ရင် (ဖွတ်) ပဲ။ ဒါပေမဲ့ ခုတော့ သူတို့ ပြဇာတ်က ဗိုလ်စွဲနေပြီ။ အဲဒါ ခင်စောလှိုင်ကြောင့် ဖြစ်ရတာ"

"ဒီမှာ ခင်စောလှိုင် ... ဒီပြဇာတ်ကို မကချင်တော့ရင်လည်း မကနဲ့ ပေါ့။ ခုလိုတော့ ကိုးလိုးကန့်လန့် ခွတိုက်နေတာဟာ မကောင်းပါဘူး"

"ကျုပ်တော့ နားမလည်နိုင်ဘူး။ ခင်စောလှိုင် ... တကယ်ပဲ ... ဒီ ပြဇာတ် အသိမ်းဟာ တကယ့် ... အသား ... တကယ့် အကွက်၊ အဲဒီနေရာ ရောက်မှ ခင်စောလှိုင် ဘာဖြစ်လို့ လျှော့ လျှော့ သွားတယ်ဆိုတာကို ကျုပ် ဘယ်လိုမှ စဉ်းစားလို့ မရသေးဘူး။ အခု ဒီပြဇာတ်ကို က,ခဲ့တာ ငါးရက် ရှိပြီ။ ပထမ သုံးရက်တုန်းက ဘယ်လောက် ကောင်းသလဲ။ အဲ ... လွန်ခဲ့ တဲ့ နှစ်ရက်တုန်းကမှ ကိုးရိုးကားရားတွေ အကုန် လျှောက်ဖြစ်တာ။

ထိုစကားမျိုး အခွန်းငါးဆယ်လောက် ဝိုင်းပြောခြင်းခံရသောအခါတွင် ခင်စောလှိုင်သည် ဆက်လက်သည်းခံ၍ မနေနိုင်တော့သဖြင့် သူ့အား ဝေဖန်

mgyoe.com

mgyoe.com

နေကြသူ လေးဦးတို့အား ဝုန်းခနဲထ၍ ပက်တော့သည်။ ခင်စောလှိုင်၏ 'တော်ကြစမ်းပါ' ဟု ကုန်း၍ အော်လိုက်သောအသံသည် ၁၂ ခန်းပွဲရုံကြီး တစ်ခုလုံးကို လျှံထွက်သွားလောက်သော အသံမျိုးဖြစ်သွားလေသည်။

ခင်စောလှိုင်သည် ဝုန်းကနဲ ထလိုက်ပြီးနောက် ပက်လိုက်သည်မျှသာ မကသေး ... စားပွဲခုံပေါ်ရှိ ပန်းကန်အလုံးအပြားများနှင့် ဖန်ခွက်များကိုပါ ဒေါသကြီးစွာ လက်နှင့်ယမ်းပစ်လိုက်လေသေးရာ ... ဂျွမ်ခနဲ မြည်သံများ သည် ဆူညံစွာ ထွက်ပေါ်၍ လာတော့၏။ ခေတ္တမျှ ငြိမ်သွား၏။ ပြီးလျှင် ဝေဖန်သူလေးဦးတို့နှင့် ခင်စောလှိုင်တို့သည် အပြန်အလှန် ငြင်းခုံ၍ နေကြ ပြန်လေသည်။

"ကိုယ့်အပြစ်နဲ့ ကိုယ် ဝန်မခံဘဲနဲ့ သူကပဲ ဒေါသကြီးနဲ့ တစ်ပြန်စီ"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ရှင်တို့ ပြောတာ တစ်ခွန်းမှ မဟုတ် ဘူး"

"ဟုတ်တယ် ... ဟုတ်တယ် ... ဟုတ်တဲ့ ဟိုဘက်မှာ နှစ်ဘူတာ တောင် ပိုသေးတယ် ... ဟုတ်လွန်းလို့မှ တကတဲ ..."

"တော် ... တော် ... ရှင်တို့ မဟုတ်တာတွေ မပြောကြနဲ့"

"ပြောရမယ် ... ပြောရမယ် ... ကိုယ့်အဖွဲ့တစ်ခုလုံး လူပုံလယ်မှာ အရှက်ကွဲလာတာမို့ ပြောရတယ်။ ဆိုင်လို့ ပြောတာ... မဆိုင်ရင် ပြောမလား"

"အမယ်လေး ... အမယ်လေး ... နေသာပါ့ ... လေညာက"

"တော်ဆို တော်ကြနော် ... စောလှိုင်အကြောင်းလည်း အသိသားနဲ့"

ဤသို့ မည်သူက မည်သည့် စကားကို ပြောနေမှန်း မသိရလောက် အောင်ပင် ဆူပွက်ကာ ညံစီစီ လုပ်နေကြရာ ဆိုင်ရှင် ကုလားအဘိုးကြီးက 'တော်ကြပါဗျာ' ဟု ဝင်၍ တောင်းပန်၏။ သို့သော် 'ဘာလုပ်တော်ရမှာလဲ... ဒီကုလားစုတ်က"ဟု တစ်ယောက်က လှမ်း၍ ပက်လိုက်၏။

ငါးယောက်သားတို့၏ စကားစစ်ပွဲတွင် အချောင်ခံလိုက်ရသော ကုလားအဘိုးကြီးသည် ဒေါပွသွား၏။ ထို့ကြောင့် ဆိုင်တွင် ကူရောင်းနေ သော သူ့ တပည့်ကုလားတစ်ယောက်ကို မျက်ရိပ်ပြလိုက်ရာ ... ကုလား တပည့်သည် မဂိုလမ်းအထက်ပိုင်းသို့ ခပ်သုတ်သုတ်လစ်၍ သွားလေ၏။ မိနစ် ၅၀ ခန့် ကြာသောအခါ ဆူပူသူ လူစု ခြောက်ယောက်တို့သည် မဂို လမ်း ဂါတ်တဲသို့ ရောက်လျက် ရဲအရာရှိ၏ စားပွဲရှေ့တွင် တန်းစီ၍ ရပ်

mgyoe.com